# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၅၂)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၉ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှပစိဖိတ်နှင့်အာဖရိကဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Santo Darmosumarto နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁** ✩



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သော ဆန်၊ စားသုံးဆီအပါအဝင် ထောက်ပံ့ရေးနှင့် တည်ဆောက်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်



နေပြည်တော် ဇွန် ၈

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့ နှင့် တွန်းဇံမြို့များတွင် ထိခိုက်ပျက်စီးခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးစီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများပါဝင်သည့် ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး **စာမျက်နှာ ၁၁ ကော်လံ ၁** ❒

## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇွန် ၈

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

စာ - ၆ သို့

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

စာ - ၇ သို့

## တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု

ဆောင်းပါး စာ - ၁၃ သို့

## စီးပွားဖြစ် ကြွက်နားရွက်မှို စိုက်ပျိုးမည်ဆိုလျှင်

ဆောင်းပါး စာ - ၁၀ သို့

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၁၀)အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်အား ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွား

စာ - ၂၇ သို့



# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၉ ရက်)

## ကျောင်းနေပျော်၍ စာတော်ရေး ပူးပေါင်းဆောင်ရွက်ပေး

ကျောင်းသား၊ ကျောင်းသူများ၏ကျောင်းတက်နေသည့်မြင်ကွင်းများ၊ စာသင်ခန်းတွင်စာသင်နေသည့် မြင်ကွင်းများသည် နိုင်ငံအတွက်အလှဆုံးပန်းချီကားသဖွယ်ဖြစ်သည်။ ယနေ့လူငယ်နောင်ဝယ်လူကြီး ဆိုစကားအတိုင်း သူတို့သည် အနာဂတ်နိုင်ငံတော်တာဝန်များကို မိမိတို့သင်ကြားရရှိထားသည့်အရည် အချင်းအလိုက် ထမ်းဆောင်ကြရမည်ဖြစ်သည်။ လူငယ်ဘဝသည် မိမိတို့ရည်မှန်းချက်ကိုပေါက်မြောက် အောင် ရွက်ဆောင်နိုင်သည့်အရွယ်ဖြစ်သည်။ ကြိုးစားမှုရှိသူတိုင်းအတွက် အောင်မြင်မှုပန်းတိုင်သည် မိမိတို့ရှေ့တွင်ရှိနေပေရာ ကျောင်းသား၊ ကျောင်းသူတိုင်းက စာပေကိုကြိုးစားသင်ယူကြရန်သာဖြစ်သည်။

ဤလောကတွင် ပညာသည်သာအရာရာကိုလွှမ်းမိုးနိုင်ပေရာ ပညာနည်းပါးသူအတွက် လွှမ်းမိုးနိုင် သောအရာသည်ဝေးကွာနေမည်ဖြစ်သည်။ ယနေ့နိုင်ငံ့တာဝန်ကိုဦးဆောင်ဦးရွက်ပြုနေကြသူတို့သည် ပညာပြည့်ဝနေသူများဖြစ်ကြသည်။ ငယ်ရွယ်စဉ်က သူများထက်တော်လွန်း၍ လူရည်ချွန်ဖြစ်ခဲ့ကြသူ များလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင် ပညာတတ်မြောက်မှုအင်အားနည်းပါးလျက်ရှိသည့်အတွက် ထိုလိုအပ်ချက်ကို ယနေ့ကျောင်းသား၊ ကျောင်းသူများကဖြည့်ဆည်းကြရမည်ဖြစ်သည်။ မည်သူမဆို ဘဝ တွင်ရိုးသားစွာ ကြိုးစားကြပါက အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိကြမည်သာဖြစ်သည်။ မိမိတို့ကြီးပြင်း လာသည့်အခါ အဆင့်အတန်းနှင့်နေရာဆိုသည်မှာ မိမိတို့ပညာအရည်အချင်းအလိုက်ရရှိကြသည် ဖြစ်ပေရာ ကျောင်းသား၊ ကျောင်းသူတိုင်း ကျောင်းနေပျော်၍စာတော်အောင်ကြိုးစားကြရန်သာဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပုဒ်မ၃၆၆တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က)ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ)ဥပဒေဖြင့် ပြဋ္ဌာန်းသည့်မသင်မနေရအခြေခံပညာများကိုသင်ကြားရမည်၊ (ဂ)သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာသုတေသနပြုဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။" ဟူ၍ပြဋ္ဌာန်းထားသည်။ ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းအပိုဒ် ၂၆(၁) တွင် "လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေး သည် အနည်းဆုံးမူလတန်းနှင့်အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရ ဖြစ်ရမည်။ စက်မှုလက်မှုနှင့်အသက်မွေးဝမ်းကျောင်းပညာများကိုလူအများသင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းပေါ်အခြေခံ၍ အားလုံးတန်းတူရည်တူရရှိစေရမည်" ဟူ၍ ဖော်ပြ ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့်မိန့်ခွန်းတွင် **"ပညာရေးမြှင့်တင်တယ်ဆိုရာမှာ စာတတ်ရုံ၊ အတန်းပညာတတ်ရုံ၊ တန်းစဉ်အောင်ပြီး ဘွဲ့ရရုံ၊ ဘာသာရပ်ကျွမ်းကျင်သူဖြစ်ရုံလောက် နဲ့မလုံလောက်နိုင်ပါဘူး။ ဒါပေမဲ့ စာတတ်ဖို့၊ ပညာသင်ကြားဖို့ကတော့အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ဒါ့အပြင် အသက်အရွယ်၊ အဆင့်အတန်းအလိုက်ရှိသင့်ရှိထိုက်တဲ့အတွေးအခေါ်၊ အယူအဆ၊ စဉ်းစား ဆင်ခြင်သုံးသပ်မှုနဲ့ ဆင်ခြင်တုံတရားစတဲ့ အသိပညာတွေပါပြည့်စုံမှ၊ တစ်နည်းအားဖြင့် အတတ် ပညာရော အသိပညာပါပြည့်စုံပြည့်ဝပါမှ ပညာတတ်တယ်လို့ပြောနိုင်မှာဖြစ်ပါတယ်။ ဒီနေ့ကျွန်တော် တို့နိုင်ငံမှာတွေ့ကြုံနေရတဲ့အခက်အခဲဟာ အတန်းပညာနည်းပါးသူတွေနဲ့စာတတ်ကြသော်လည်းပဲ အသိဉာဏ်ပညာနဲ့စဉ်းစားတွေးခေါ်မှု နိမ့်ပါးနေကြသူတွေကြောင့်ဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍမှာ အခြေခံအဆင့်မှာပဲဖြစ်ဖြစ်၊ အဆင့်မြင့်ပညာမှာပဲဖြစ်ဖြစ် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" "စာကိုလည်းသင် လူကို လည်းပြင်" ဆိုတဲ့စကားတွေနဲ့အညီ ကျောင်းသား၊ ကျောင်းသူတွေကို အမှန်တကယ်ပညာပြည့်ဝအောင်၊ ဗလငါးတန် ထူးချွန်အောင်၊ လူကောင်းလူတော်တွေဖြစ်အောင် ဆောင်ရွက်ပေးကြဖို့ အလေးထားမှာကြား လိုပါတယ်"** ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** မူဝါဒချမှတ်ကာ ပညာကဏ္ဍ တိုးတက်မြင့်မားရေးကိုများစွာဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာအတန်းများအားလုံးတွင် ကျောင်းအပ်နှံခြင်းအတွက် မည်သည့်အဖိုးအခကြေးငွေမျှပေးသွင်းရန်မလိုဘဲကျောင်းအပ်လက်ခံသည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ စာအုပ်နှင့်စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ စသည်တို့ကိုပင် ပံ့ပိုးပေးလျက်ရှိကာ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်း ကြရေးကသာအဓိကဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး လူတိုင်းပညာတတ်မြောက်ရန်လိုသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးနှင့်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံ၏ပညာရေးကဏ္ဍမြင့်မားရန်အရေးကြီးသည်။ နိုင်ငံသူ၊ နိုင်ငံသား များအသိပညာ၊ အတတ်ပညာနိမ့်ပါးမည်ဆိုပါကနိုင်ငံသည်လည်းဖွံ့ဖြိုးတိုးတက်ရေးတွင်များစွာခက်ခဲ လိမ့်မည်ဖြစ်သည်။ ပညာတတ်နိုင်ငံသားအများဆုံးရှိပါက ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အမြင့်ဆုံးဖြစ်စေ သည်။ လူတစ်ဦးချင်းစီအတွက်ဆိုလျှင်လည်း အသိပညာ၊ အတတ်ပညာတတ်မြောက်မှုရှိခြင်းက ဘဝကို မြင့်မားစေမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူအားလုံးကျောင်းနေပျော်၍စာတော်ရေး ကြိုးစားကြရန်နှင့် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြပါရန်။ ။

# မြိတ်မြို့နယ်၌ ရော်ဘာအဖူးကူးခြင်း (သက်မွေးပညာ)သင်တန်းဖွင့်

မြိတ် ဇွန် ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ် ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မြိတ်)၌ ရက် ၁၀၀ စီမံချက်ဖြင့်ဖွင့်လှစ်သည့် ရော်ဘာအဖူးကူးခြင်း (သက်မွေးပညာ)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၈ ရက်တွင်ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ဒေသတွင်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံ ဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာန (မြိတ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဋ္ဌေးဋ္ဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းမှရရှိလာ မည့်အကျိုးရလဒ်များကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည် ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန (မြိတ်)မှ ရော်ဘာပျိုးထောင်ရန်အတွက် မျိုးစေ့ရွေးချယ် တတ်စေရန်၊ ရော်ဘာအဖူးကူးခြင်းလုပ်ငန်းကျွမ်းကျင် စွာတတ်စေရန်၊ ပျိုးခင်းပြုစုထိန်းသိမ်းခြင်းနည်းစနစ် မှန်ကန်စေရန်၊ ဒေသတွင်း အလုပ်အကိုင်အခွင့် အလမ်းရရှိစေရန်နှင့် လူမှုစီးပွားဘဝတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ကာ မြိတ်မြို့နယ်အတွင်းရှိ စန္ဒဝတ်၊ ရွှေဒူး၊ သာရမဲ၊ ရေမြစ်ကြီးကျေးရွာတို့မှ ဒေသခံ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

(၄၁၂)

# မော်လမြိုင်မြို့နယ်၌ ရပ်ကွက်လုံးကျွတ်သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင် ဇွန် ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရ သည်။

ထို့သို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်စီမံ ခန့်ခွဲ ရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင် ဝင်းနိုင်၊ ပြည်နယ်/ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များ၊ ကျေးလက်ကျန်းမာရေးဌာန အောက်ရှိ ရပ်ကွက်/ကျေးရွာများ၏ နေအိမ်များတွင် ပန်းအိုးများ၊ ရေစည်များ၊ ရေအိုး၊ ရေခွက်များနှင့် ရေဝပ်နိုင်သောပစ္စည်းများအတွင်း ပိုးလောက်လမ်း များ ပေါက်ပွားနိုင်သည့်နေရာများအား ကြည့်ရှု စစ်ဆေးကာ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ရေတွင်း ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မော်လမြိုင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မေလ မှစ၍ မြို့ပေါ်ရပ်ကွက်အတွင်း ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများတွင်လည်း သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၆-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယဉ်ကျေးမှုဖလှယ်ခြင်းမှသည် ချစ်ကြည်ရင်းနှီးမှုဆီသို့

အနုပညာဆိုသည်မှာ လူသားအားလုံးဆက်သွယ်ပြောဆိုနိုင်သည့် ကမ္ဘာသုံးဘာသာစကားတစ်ခုဖြစ်ပါသည်။ ပြောဆိုသုံးနှုန်းကြသည့် ဘာသာစကားများ၊ ဘဝနေထိုင်မှု၊ ယဉ်ကျေးမှုပုံစံများ မည်သို့ပင်မတူကွဲပြားမှုရှိပါစေ ခေတ်သမိုင်းအဆက်ဆက်တွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ယဉ်ကျေးမှုများဖလှယ်သည့်အခါ အနုပညာက လွှမ်းခြုံမှုအားကောင်းသည့် ကြားခံတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဘက်ပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုသမိုင်းမှတ်တိုင်ကောင်းများစွာရှိပါသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများအနက် တရုတ်နိုင်ငံ၏ ထန်မင်းဆက်၊ မြန်မာနိုင်ငံ၏ ပျူခေတ်တွင် နှစ်နိုင်ငံပြည်သူများ၏ကြားတွင် အနုပညာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂီတနှင့်အနုပညာကိုအခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်ဆိုသည့် သမိုင်းမှတ်တိုင်ကို လေ့လာသိရှိရပါသည်။

ယခု လက်ရှိအချိန်တွင်လည်း နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြင့်စေရန်အတွက် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့ပူးပေါင်းလုပ်ဆောင်ရာတွင် ယခုကျင်းပသည့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆) နှစ်မြောက် အထိမ်းအမှတ် ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်သီတင်းပတ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ သံအမတ်ကြီး မင်္ဂလာပါရှင်။ သံအမတ်ကြီးတို့အနေနဲ့ တရုတ်ရုပ်ရှင်ပွဲတော်ကို ဒီနေ့ စတင်ကျင်းပသွားမယ်လို့ သိရပါတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံမှာကျင်းပရတဲ့ရည်ရွယ်ချက်နဲ့ အနှစ်သာရကို သိပါရစေ။**

**ဖြေ။** ။ လွန်ခဲ့တဲ့ (၇၆) နှစ်ရဲ့ ဒီလိုနေ့မှာ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပါတယ်။ (၇၆)နှစ်တာကာလအတွင်းမှာ နိုင်ငံတကာအခြေအနေများ ဘယ်လိုပင်ပြောင်းလဲပါစေ နှစ်နိုင်ငံစလုံးက အပြန်အလှန်လေးစားခြင်းနဲ့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမယ့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ အတူယှဉ်တွဲနေထိုင်ရေးလမ်းစဉ်ကို အစဉ်တစိုက်ကိုင်စွဲထားခဲ့ကြပါတယ်။



ကျွန်မတို့က ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ဒီနေ့မှာကျင်းပဖို့ အထူးရွေးချယ်ခဲ့ခြင်းဟာ နှစ်နိုင်ငံအကြား (၇၆) နှစ်တိုင်တိုင်အေးအတူပူအမျှ ဖြတ်သန်းခဲ့ကြတဲ့ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးကို ဂုဏ်ပြုတာဖြစ်ပြီး တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ရုပ်ရှင်ဖန်သားပြင်ရဲ့ အတွင်းအပြင်တို့မှာ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းသွားနိုင်ဖို့ မျှော်လင့်ပါတယ်။

ရုပ်ရှင်ဆိုတာက နိုင်ငံနယ်နိမိတ်များကို ကျော်ဖြတ်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာအများသုံးဘာသာစကားတစ်ခုဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကစပြီး ကျွန်မတို့က မြန်မာနိုင်ငံမှာ တရုတ်ရုပ်ရှင်သီတင်းပတ်ကို (၈) ကြိမ်တိုင်တိုင် မပျက်မကွက် ကျင်းပလာခဲ့ခြင်းဟာ သက်ဝင်လှုပ်ရှားသော ကင်မရာမြင်ကွင်းများနဲ့ စိတ်လှုပ်ရှားဖွယ်ဇာတ်လမ်းပုံပြင်များကတစ်ဆင့် တရုတ်ပြည်သူများရဲ့ လူနေမှုဘဝနဲ့ တရုတ်လူမှုအဖွဲ့အစည်းရဲ့ ပြောင်းလဲတိုးတက်မှုများကို ဖော်ပြပေးဖို့ဖြစ်ပြီး အားလုံးကို စစ်မှန်ပြီး ရုပ်လုံးပေါ်ကာ ကဏ္ဍစုံလင်တဲ့ တရုတ်နိုင်ငံရဲ့ပုံရိပ်ကို တင်ဆက်ပြသလိုခြင်းဖြစ်ပါတယ်။

ထိုမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား အတားအဆီးနဲ့ နားလည်မှုလွဲမှားခြင်းတွေကို ဖယ်ရှားကာ အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုကို တိုးမြှင့်ပေးပြီး နှစ်နိုင်ငံပြည်သူတွေကို စိတ်ချင်းဆက်နွယ်မှုမှတစ်ဆင့် အပြန်အလှန်သိရှိနားလည်ခြင်း၊ ချစ်ခင်ရင်းနှီးခြင်းနှင့် ပေါင်းစည်းခြင်းတို့ကို ဖော်ဆောင်ပေးကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးအတွက် ရေရှည်နက်ရှိုင်းတဲ့ လူမှုယဉ်ကျေးမှုအင်အားစုတွေကို ဖြည့်ဆည်းပေးဖို့ မျှော်လင့်ပါတယ်။

ယခုအကြိမ် ရုပ်ရှင်သီတင်းပတ်မှာ အထူးရေပန်းစား လူကြိုက်များတဲ့ တရုတ်ရုပ်ရှင်လက်ရာကောင်းခုနစ်ကားကို ကျွန်မတို့ အထူးရွေးချယ်ထားပါတယ်။ ရုပ်ရှင်အမျိုးအစားများ မတူညီကြသော်လည်း ရုပ်ရှင်အားလုံးက စစ်မှန်တဲ့မိသားစုသံယောဇဉ်၊ ခိုင်မာတဲ့အိပ်မက်များ၊ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများနဲ့ တရားမျှတမှုအပေါ် ရပ်တည်ချက်၊ လှပတဲ့ဘဝဆီသို့ လျှောက်လှမ်းပုံများကို ပုံဖော်ထားခြင်းဖြစ်ပါတယ်။ စိတ်နှလုံးချင်း ဆက်နွယ်ပေးမယ့် ဤရုပ်ရှင်ဇာတ်ကားကောင်းခုနစ်ကားကတစ်ဆင့် မြန်မာပရိသတ်တွေအတွက် စိတ်လှုပ်ရှားကြည်နူးမှု၊ အတွေးအမြင်သစ်တွေနဲ့ ခွန်အားတွေကို ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ အခုလို ကြားသိရတဲ့အတွက် ဝမ်းသာပါတယ် သံအမတ်ကြီးရှင့်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် တရုတ်နိုင်ငံနဲ့ပူးပေါင်းပြီးတော့ ရုပ်ဝန်းနဲ့ပိုးလမ်းမလိုမျိုးစီမံကိန်းတွေ ပူးပေါင်းဆောင်ရွက်နေသလိုပဲ နှစ်နိုင်ငံပြည်သူအချင်းချင်းအကြားမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့ရှိတဲ့အခါ အခုလိုရုပ်ရှင်ပွဲတော်တွေကို နှစ်စဉ်ကျင်းပခြင်းအားဖြင့် ဘယ်လိုအကျိုးရလဒ်တွေကို ဆောင်ကြဉ်းပေးမယ်ဆိုတာ သံအမတ်ကြီးအနေနဲ့ မျှော်လင့်ပါသလဲရှင့်။**

**ဖြေ။** ။ "Belt and Road" ကို အတူတကွပူးပေါင်းတည်ဆောက်ရေး အဆိုပြုချက်က အပြန်အလှန်ပေါင်းစည်းဆက်နွယ်မှုကို အဓိကလမ်းကြောင်းအဖြစ်ထားရှိပြီး နိုင်ငံအသီးသီးနဲ့အတူ မူဝါဒပိုင်းဆိုင်ရာဆွေးနွေးမှု၊ အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့မှု၊ မတည်ရင်းနှီးငွေစီးဆင်းမှုနဲ့ ပြည်သူချင်း စိတ်ချင်းဆက်နွယ်မှုတို့ကို အားကောင်းအောင်ဆောင်ရွက်ကာ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားသစ်များကို ဖြည့်ဆည်းပေးဖို့ရည်ရွယ်ပါတယ်။

"Belt and Road" ကို အတူတကွပူးပေါင်းတည်ဆောက်ခြင်းဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံသည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့်စွမ်းအင်အစရှိတဲ့ကဏ္ဍတွေမှာ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆက်ဆံဖလှယ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ်နက်ရှိုင်းစေခဲ့ပြီး မြန်မာပြည်သူတွေအတွက် လက်တွေ့ကျတဲ့ လူမှုစီးပွားအကျိုးကျေးဇူးများနဲ့ သုခချမ်းသာများကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။

ပြည်သူချင်းစိတ်ချင်းဆက်နွယ်မှုက "Belt and Road"တည်ဆောက်ရေးဆိုင်ရာနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ တရုတ်ရုပ်ရှင်သီတင်းပတ် ကျင်းပခြင်းက နှစ်နိုင်ငံပြည်သူတွေရဲ့ စိတ်နှလုံးကို ပိုမိုနီးကပ်စေဖို့ အထောက်အကူပြုပြီး တရုတ်-မြန်မာ ကဏ္ဍစုံလက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် ပိုမိုပွင့်လင်းမြင်သာပြီး တံခါးဖွင့်လှစ်ကာ ချစ်ကြည်ရင်းနှီးပြီး အားလုံးပါဝင်နိုင်တဲ့ ပြည်သူ့သဘောထား ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့က မြန်မာမိတ်ဆွေများ တရုတ်နိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြရန်၊ တရုတ်နိုင်ငံရဲ့ ဒေသန္တရဓလေ့ထုံးတမ်းများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားပြီး တရုတ်ပုံစံခေတ်မီဆန်းသစ်မှုရဲ့ ထောင်သောင်းမကတဲ့ တိုးတက်ပြောင်းလဲမှု အသွင်သဏ္ဌာန်များကို ခံစားကြည့်ရှုကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ကြိုဆိုအပ်ပါတယ်။

**မေး။ ။ အခု တရုတ်-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်မှာ ရုပ်ရှင်ပွဲတော်က တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဲဒီလိုမျိုးပဲ ရုပ်ရှင်ပွဲတော်ကျင်းပခြင်းနဲ့ အတူ တခြားဘယ်လိုယဉ်ကျေးမှုပွဲတော်တွေကျင်းပဖို့ စီစဉ်ထားတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားကဏ္ဍပူးပေါင်းဆောင်ရွက်မှုက တရုတ်- မြန်မာ လူမှုယဉ်ကျေးမှုဖလှယ်ရေးမှာ အလွန်တောက်ပတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးကို အစဉ်တစိုက်အလေးအနက်ထားရှိပြီး တရုတ်ရိုးရာပွဲတော်များ၊ တရုတ်ဇာတ်သဘင်အော်ပရာဖျော်ဖြေပွဲများ၊ "Chinese Bridge"တရုတ်ဘာသာစကားပြိုင်ပွဲများ၊ လန်ချန်း-မဲခေါင်ဗီဒီယိုတိုပြိုင်ပွဲများနဲ့ “ပေါက်ဖော်နှလုံးသားထဲမှစကားသံများ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက်အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များစုစည်းမှု” စာမူဖိတ်ခေါ်ခြင်းအစရှိတဲ့ ထင်ရှားပြီးသက်ဝင်လှုပ်ရှားတဲ့ အစီအစဉ်တွေကို ဆက်တိုက်ကျင်းပခဲ့ရာ မြန်မာပြည်သူများရဲ့ အားပေးထောက်ခံမှုကို ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာပညာနဲ့ ရိုးရာဓလေ့ထုံးတမ်းများ၊ အထူးသဖြင့် ပျော်ရွှင်စရာကောင်းလှတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် လှုပ်ရှားမှုများကလည်း ကျွန်မတို့ကို နက်ရှိုင်းစွာ အမှတ်တရကောင်းများ ရရှိစေခဲ့ပါတယ်။

နောင်အနာဂတ်မှာ ကျွန်မတို့က ယဉ်ကျေးမှုဖလှယ်ရေးရဲ့ အတိုင်းအတာနဲ့ နက်ရှိုင်းမှုကို စဉ်ဆက်မပြတ် ဆက်လက်တိုးချဲ့သွားဖို့ ဆန္ဒရှိပါတယ်။ ကျွန်မတို့က တရုတ်ရုပ်ရှင်သီတင်းပတ်ကို ကောင်းမွန်စွာ ဆက်လက်ကျင်းပသွားမယ့်အပြင် ပိုမိုကောင်းမွန်တဲ့ တရုတ်ဇာတ်လမ်းတွဲများကိုလည်း မိတ်ဆက်ပေးသွားမှာဖြစ်ပြီး မြန်မာနိုင်ငံနဲ့အတူ မှတ်တမ်းတင်ရုပ်ရှင်များနဲ့ အထူးအစီအစဉ်များကို ပိုမိုပူးတွဲရိုက်ကူးသွားမှာဖြစ်ပါတယ်။

ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးဆိုင်ရာ ခံစားမှုများ၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုအစရှိတဲ့ နယ်ပယ်များမှာလည်း ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့က တရုတ်အနုပညာအဖွဲ့အစည်းတွေကို မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေရန် ပိုမိုတွန်းအားပေးသွားမှာဖြစ်ပြီး မြန်မာအနုပညာရှင်များ တရုတ်နိုင်ငံသို့ သွားရောက်ဖလှယ်ကြဖို့လည်း ကြိုဆိုပါတယ်။ အခုလိုယဉ်ကျေးမှုဖလှယ်မှုတွေမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုတိုးပွားစေဖို့နဲ့ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေဖို့အတွက် စင်မြင့်ပလက်ဖောင်းတွေကို ပံ့ပိုးဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ။ **မြဝတီ**

# မြဝတီမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှု

မြဝတီ ဇွန် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် မြဝန်ဆောင်မှုသမဝါယမအသင်းနှင့် ဂျီအီးစီဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းသားများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မြဝန်ဆောင်မှုသမဝါယမအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအလိုက်ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးသည်။

ဆက်လက်၍ မြဝန်ဆောင်မှုသမဝါယမအသင်းဥက္ကဋ္ဌ ဦးစိန်သောင်းက အသင်းမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေအရပ်ရပ်ကိုလည်းကောင်း၊ ဂျီအီးစီ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းတို့မှ အသင်းဥက္ကဋ္ဌနှင့် အသင်းသားများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ တွေ့ကြုံရသည့်အခက်အခဲများကိုလည်းကောင်း မေးမြန်းဆွေးနွေးကြရာ ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးပွင့် ဦးဆောင်သည့်အဖွဲ့က မြဝန်ဆောင်မှုသမဝါယမအသင်းနှင့် ဂျီအီးစီဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းတို့၏ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များမှာကြားကြောင်းသိရသည်။ (၄၀၆)

# ကမ္မဖလ

တင့်တယ်



**ယမန်နေ့မှအဆက်**

ဤသို့ရောက်လာသောအခါမှာမှ ဦးဒေါနတို့သားအဖမှာလည်း ကျန်းမာကာ နာလန်ထူစပြုလာကြပြန်သောကြောင့် သူတို့တစ်မြို့လုံး သူတို့နေရင်းမြို့သို့ပြန်ကြတော့မည်ဟု စီမံကြသောအခါသို့ တိုင်ခဲ့ပြန်လေသည်။

ထို့ကြောင့် တစ်နေ့သောညနေတွင် အမှီတို့အိမ်သို့ ကျွန်ုပ်ရောက်၍သွားသောအခါ၌ ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့ကိုမတွေ့ရဘဲ အမှီနှင့်တခြားဆွေမျိုးများကိုသာတွေ့ရသဖြင့် ဧည့်ခန်းတွင် ထိုင်မိသည်နှင့်တစ်ပြိုင်နက် "ဦးလေးတို့ကော ...ညီမလေး" ဟုမေးလိုက်ရာ အမှီက "ဖေဖေတို့ တနင်္သာရီဘက်ကိုပြန်ခါနီး ထမင်းကျွေးပါရစေဆိုပြီး အတင်းလာခေါ်သွားလို့ လိုက်သွားကြရတယ်" ဟု ဖြေသဖြင့် "ဩော် ... ဟုတ်လား၊ နို့ အမှီတို့ ဘယ်တော့လောက်ကို ပြန်ဖြစ်ကြမယ်ထင်သလဲ" ဟု ထပ်၍မေးလိုက်မိ၏။

အမှီတို့ပြန်ကြတော့မည်ဟူသော သတင်းအစအနကို သိရကတည်းက ကျွန်ုပ်မှာ ဦးနှောက်အလုပ်ပေး၍နေရပြန်ပေသည်။ မပေးလျှင်လည်း မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အမှီတို့တစ်တွေ သူတို့ဇာတိဌာနေသို့ပြန်ကြပါလျှင် ကျွန်ုပ်မှာ မော်လမြိုင်တွင် တစ်ယောက်ထီးတည်း သောင်တင်ကျန်ရစ်ခဲ့လျက် စာအဆက်အသွယ်မှတစ်ပါး အမှီတို့နှင့် တစ်ရပ်တစ်မြေခြား၍ နေရပေဦးတော့မည်ဖြစ်ရာ ကျွန်ုပ်ရည်ရွယ်ထားသော ခြေလှမ်းကြီးသုံးလှမ်းတို့မှာ ရှေ့သို့မလှမ်းသာဘဲ ရပ်တန်းကတန့်နေဦးမည်ကို မြင်သောကြောင့်ဖြစ်၏။ အထူးသဖြင့်ကား အမှီအား ကျွန်ုပ်မခွဲခွာလိုတော့လောက်အောင် စိတ်တွင်း၌ ရွက်အုပ်သီးကြီးထွား၍ အံ့ပုန်းပွားများနေသော အချစ်မှာ ယခုအခါတွင် သံယောဇဉ်ကြီး ဖြစ်မှန်းမသိဖြစ်လျက် ခွဲကြရတော့မည်ကိုပင် သိရသောအခါ၌ စိတ်မချမ်းသာမိသောကြောင့်ဖြစ်၏။

သို့ဖြစ်၍လည်း သူတို့ပြန်ကြတော့မည့်ရက်ကို မေးမိခြင်းဖြစ်ပေရာ အမှီက "ရက်တော့ အတိအကျမရှိသေးပါဘူး အစ်ကိုကံကောင်းရယ် ...၊ ဒါပေမဲ့ လဆန်းရက်လောက်မှာပြန်မယ်လို့ ဖေဖေက စိတ်ကူးနေတယ်၊ ပြီးတော့ ကိုမြဖေတို့စက်လှေကြီးကလည်း လဆန်းရက်မှာ မော်လမြိုင်ကိုရောက်မယ်ဆိုလို့ ကိုမြဖေတို့စက်လှေကြီးနဲ့ပဲ ပစ္စည်းတွေရောဘာတွေရောတင်ပြီး ပြန်ကြဖို့စိတ်ကူးပါသတဲ့"ဟု ဖြေလိုက်သဖြင့် ကျွန်ုပ်လည်း ကိုမြဖေဟူသောအမည်ကို တစ်ခါက ကြားဖူးသလိုလိုရှိသောကြောင့် ခေတ္တမျှ တွေ့၍စဉ်းစားမိ၏။ သို့သော် ဘယ်အခါတုန်းက ထို (ကိုမြဖေ) ဟူသောအမည်ကြားမိသည်ကို စဉ်းစား၍ ချက်ချင်းမပေါ်သောကြောင့် "ဘယ်က ကိုမြဖေလဲ အမှီ" ဟု မေးလိုက်မိပြန်၏။

သို့အမေးလိုက်တွင် အမှီ၏မျက်နှာလေးမှာ မသိမသာလေးမျှ ရှက်ပြုံး ပြုံးယောင်သန်းလာသည်ကို ကျွန်ုပ်သတိထားလိုက်မိ၏။ ထို့ပြင် ချက်ချင်း မျက်နှာပိုးသတ်လိုက်သောအမှီက "အဲ-အဲ-ကိုမြဖေဆိုတာက အမှီတို့နဲ့ ဆွေမျိုးနီးစပ်ပဲ အစ်ကိုကံကောင်းရဲ့၊ သိပ်ပြီးတော့ သွေးမနီးကြပါဘူး၊ ဒါပေမဲ့ သတ္တုလုပ်ငန်းကို တူတူလုပ်နေကျလည်းဖြစ်၊ ပြီးတော့ အိမ်ချင်းကလည်း ခေါ်လွယ်ခုတ်ဖြစ်နေတော့ သွေးရင်းသားရင်းလိုပဲ ရင်းနှီးကြပါတယ်၊ အခုစစ်ဖြစ်လို့ သတ္တုလုပ်ငန်းတွေ ဆိုင်းနေတုန်းမှာ ကိုမြဖေတို့က စက်လှေကြီးတွေဝယ်ပြီးတော့ ရန်ကုန်ကို ငါးပိအကြီးအကျယ်တင်နေကြတယ် ...၊ အခုလည်း ကိုမြဖေတို့ ရန်ကုန်ကအပြန် မော်လမြိုင်ကို ဝင်လာကြမှာ"ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုသို့ လူစိမ်းတစ်ဦး အမှီတို့အသိုက်အဝန်းတွင် ပါဝင်စွက်ဖက်နေသည်ကို စိတ်က မသိုးမသန့်ဖြစ်သွားရမိပေ၏။ ထို့ကြောင့် "ဩော်... ဟုတ်လား၊ နေစမ်းပါဦး ညီမလေးရဲ့၊ ဒီ ... ကိုမြဖေဆိုတာဟာ တစ်ခါတုန်းက ကော့ဒွတ်မှာ စက်လှေကြီးနဲ့ငါးပိတွေတင်လို့ အစ်ကိုကံကောင်း မနှစ်က တွေ့ဖူးလိုက်တယ် ထင်ပါရဲ့၊ သူ့မိန်းမက တော်တော်အရုပ်ဆိုးတယ်လေ၊ သားလေးနှစ်ယောက်လည်းရှိတယ်" ဟု ဖြန်းလိုက်ရာ အမှီက ခွီခနဲ တစ်ချက်ရယ်၍ " မဟုတ်ပါဘူး အစ်ကိုကံကောင်းရဲ့၊ အစ်ကိုကံကောင်းတွေ့ဖူးတဲ့ ကိုမြဖေက တခြားလူတစ်ယောက်ဖြစ်ပါလိမ့်မယ်၊ အမှီတို့ပြောနေတဲ့ ကိုမြဖေဆိုတာက အိမ်ထောင်မရှိပါဘူး၊ မိခင်ကြီးနဲ့ အဒေါ်တစ်ယောက်ကို လုပ်ကျွေးသမှုပြုရင်း အမှီတို့လုပ်ငန်းတွေမှာ သင့်သလိုဖက်စပ်ပြီး လုပ်ကိုင်နေတဲ့ အဲ ... ဆွေမျိုးနီးစပ်တစ်ယောက်ပါပဲ၊ ကိုင်း စကားပြောနေတာနဲ့ မေ့ပြီးတော့များပဲနေပါပြီ ...၊ အစ်ကိုကံကောင်းဖို့ ကော်ဖီတစ်ခွက်ဖျော်ခဲ့ဦးမယ် ဟုတ်လား၊ အချိန်ကတော့ အချိန်ကောင်းမဟုတ်တော့ဘူး၊ နို့မဟုတ်ရင်လည်း ဒီမှာပဲ ထမင်းစားသွားပါလား အစ်ကိုကံကောင်းရယ်" ဟု ကိုမြဖေအကြောင်းကိုပြောရာက စေတနာစကားတွေ ထွက်၍လာပေသည်။

ကျွန်ုပ်လည်း စကားဖြန်း၍ အစ်လိုက်သည်၌ ကိုမြဖေဆိုသူမှာ အမှီနှင့် နီးစပ်သယောင်ရှိနေသော လူပျိုတစ်ယောက်ဖြစ်နေသည့်အကြောင်းကိုလည်းကောင်း၊ ကိုမြဖေ၏အကြောင်းကို ကျွန်ုပ်မေးစဉ်၌ အမှီ၏မျက်နှာထား ခက်သယောင်ရှိသွားပုံကိုလည်းကောင်း ထောက်ချင့်ကာ အမှီအတွက် ရတက်မအေးသလိုရှိလာမိ၏။ အမှီမှာ ကျွန်ုပ်လှမ်းဆွတ်ချူငင်ရန် ရည်မှန်းထားသည့် အာသာဝတီလေးဖြစ်ပေရာ ဤသို့ ရန်သူတော်တစ်ဦးပေါ်သလိုလိုဖြစ်နေသည်ကို ကျွန်ုပ်မည်သို့ ကျေနပ်နိုင်ပါမည်နည်း။

အမှီတို့ ဤသို့ ကိုယ့်မြို့ရွာကို ပြန်ကြတော့မည့်အခြေအနေမှာ ကျွန်ုပ်အဖို့၌ အထက်ကရေးခဲ့သည့်အတိုင်း အမှီတို့နှင့် စာအဆက်အသွယ်မှလွဲ၍ မီးဝေးချိပ်ပမာ အကွာကြီးကွဲကွာနိုင်သော အခြေဖြစ်ပေရာ ကျွန်ုပ်သည် အမှီတို့နှင့်ကွဲကွာရပါက ကျွန်ုပ်၏ရည်ရွယ်ချက်များ လွဲချော်ကောင်းလွဲချော်ရမည်ကို ကြိုတင်စိုးရိမ်နေမိ၏။ သို့စိုးရိမ်သဖြင့်လည်း အမှီတို့၏သိုက်မြုံထဲ၌ တစ်နည်းမဟုတ်တစ်နည်းဖြင့် ကပ်ရပ်၍ လိုက်ပါသွားလိုစိတ်ရှိနေပေရာ ယခုတစ်ဖန် ကိုမြဖေတည်းဟူသော ရန်မီးတစ်ခု မီးခိုးအူစပြုသည်ကို မမျှော်လင့်ဘဲ ကြားသိရသောကြောင့် ကျွန်ုပ်မှာ အမှီနှင့်နီးစပ်ရာ၌ နေရဖို့ကိုသာ စိုင်းပြင်းရန် စိတ်ကူးရပေတော့သည်။

သို့ဖြစ်သဖြင့် သက်ပြင်းတစ်ချက်ချရင်း နဖူးကို လက်ကိုင်ပဝါနှင့်သုတ်ရာက " နေပေစေ အမှီ ... အစ်ကိုကံကောင်း ထမင်းစားဖို့လည်းအချိန်မရဘူး ...၊ ပြီးတော့ ကော်ဖီလည်းမသောက်ချင်ပါဘူး၊ ရေအေးအေးတစ်ခွက်လောက်သာပေးပါ ..." ဟု ပြောလိုက်ရ၏။ ဤတွင် အမှီက မျက်ခုံးလေး တွန့်လျက် " အို .. မဟုတ်တာဘဲ အစ်ကိုကံကောင်းရယ်၊ ဘယ့်နှယ် ရေလည်းသောက်တာပေါ့၊ ထမင်းလည်းစားသွားပါဦး" ဟုဆိုရင်း အိမ်တွင်းခန်းသို့ ရေခပ်ရန် ဝင်၍သွား၏။

တစ်ယောက်တည်းထိုင်၍ကျန်ရစ်ရင်း ကျွန်ုပ်သည် ဦးခေါင်း၌ ဉာဏ်နီအမျိုးမျိုးထုတ်ကာနေရ၏။ မကြာမီ အမှီသည် ကြည်လင်သန့်စင်လှသော ဖန်ခွက်တစ်လုံးဖြင့် ရေအပြည့်ယူလျက် ကျွန်ုပ်ဆီသို့ ရောက်လာကာ " ထမင်းစားသွားနော်အစ်ကိုကံကောင်း၊ နောက်ဖေးမှာ ချက်လို့ပြုတ်လို့ ပြီးကုန်ကြပြီ ..." ဟု ဆိုပြန်ပါသည်။ ကျွန်ုပ်ကား သန့်စင်သော ဖန်ခွက်ထဲမှ ကြည်လင်သောရေပမာ အမှီ၏သန့်စင်လှသောရုပ်ရည်ကိုငေး၍ နေမိပြီးကာမှ "နေပေစေ ညီမလေး၊ အစ်ကိုကံကောင်း ဘာမှစားနိုင်မှာ မဟုတ်ဘူး ...၊ ရင်ထဲမှာပြည့်နေတယ် ...၊ ရေပဲသောက်ပါရစေ ..." ဟုဆိုကာ ရေကိုယူ၍သောက်ပြီးနောက် သက်ပြင်းတစ်ချက်ချ၍ ခြေပစ်လက်ပစ်အမူအရာမျိုးကိုထားလိုက်ပေ၏။ ထိုသက်ပြင်းတစ်ချက်၌ တစ်ဝက်မှာ အမှီကို လက်လွှတ်ရမည်စိုးသောစိတ်၏ အငွေ့ဖြစ်လျက် ကျန်တစ်ဝက်မှာ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းသောအမူအရာ ပရိယာယ်ဟန်ပန်ပင်ဖြစ်၍ နေပေသည်။

ကျွန်ုပ်၏ပရိယာယ်မှာ စူးရှသွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် အမှီသည် ပင်ပန်းနွမ်းနယ်ပုံပေါ်နေသော ကျွန်ုပ်အား မျက်မှောင်လေးတွန့်ကာ ကြည့်ရင်း ရေခွက်ကိုပြန်ယူကာ "အစ်ကိုကံကောင်းလည်း အလုပ်တွေများလွန်းလို့ အစားအသောက်ပျက်နေပြီထင်တယ်။ ညကို အိပ်ပျက်ခံအားကြီးလို့ ထင်ပါရဲ့။ ကိုယ့်ကျန်းမာရေးကိုလည်း ကိုယ်ဂရုစိုက်ဦးလေ။ နိုင်ငံရေး၊ စစ်ရေးကို စိတ်ပါတိုင်းသာ လုပ်နေရင် ကြာတော့ ခန္ဓာကိုယ်ကမခံနိုင်ဖြစ်ပြီး လူကမမာလို့ စိတ်သွားတိုင်းကိုယ်မပါရင် ပိုပြီးခရီးမတွင်ဘူးပေါ့" ဟု စိုးရိမ်မကင်းသောအသံလေးဖြင့် ပြောရှာ၏။

**ဆက်လက်ဖော်ပြပါမည်။**

# ကမာရွတ်မြို့နယ်၌ မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ခြင်း ဆင့်ပွားနည်းပြသင်တန်းဖွင့်လှစ်



ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဇွန်လ ၈ ရက်တွင် မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ခြင်း ဆင့်ပွားနည်းပြသင်တန်းဖွင့်လှစ်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီမွန်၊ ကမာရွတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းအိကလျာထွန်းနှင့်အသင်းဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ စစ်ဆေးချက်ပုံစံရေးသွင်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီး စုစုပေါင်း ၆၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် မိတ်ဆွေဟောင်း၊ မိတ်ဆွေရင်း နိုင်ငံများဖြစ်ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းကပင် နှစ်နိုင်ငံအစိုးရနှင့် ခေါင်းဆောင်များအကြား ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ကြသည့် အခြေအနေများ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို နားလည်သိရှိပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော ရွေးကောက်ခံအစိုးရအနေဖြင့် မြန်မာနိုင်ငံကို ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသောနိုင်ငံတော်အဖြစ် ဖော်ဆောင်ပေးနိုင်မည်ကို အပြည့်အဝယုံကြည်မှုရှိသည့် အခြေအနေများ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အာဆီယံ၏အစိတ်အပိုင်းအဖြစ်၊ အင်ဒိုနီးရှားနိုင်ငံ၏ မိတ်ဆွေအဖြစ် အမြဲမှတ်ယူထားရှိပြီး မြန်မာနိုင်ငံကို အောင်မြင်သော၊ ငြိမ်းချမ်းသောနိုင်ငံအဖြစ်ဖြစ်ပေါ်လာစေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် မြန်မာနိုင်ငံအနေဖြင့်တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းအကြား အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာ-အာဆီယံအကြား ပိုမိုတောင့်တင်းခိုင်မာသည့်ဆက်ဆံမှုများ ပြန်လည်တိုးတက်လာစေရေး၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနိုင်ငံရေးစနစ်ဖြစ်သော်လည်း ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မိမိတို့နိုင်ငံများရှိ ကိုယ်ပိုင်စရိုက်လက္ခဏာများ၊ ယုံကြည်မှု၊ ကိုးကွယ်ရာနှင့်ယဉ်ကျေးမှုတန်ဖိုးများအပေါ် အခြေခံ၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို မိမိကိုယ်ပိုင်ဟန်ဖြင့် ကျင့်သုံးဆောင်ရွက်သင့်သည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံ၏အနာဂတ်ကောင်းကျိုးများကို ဆောင်ရွက်ပေးနိုင်မည့် အာမခံချက်ရှိသည့် အစိုးရတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများက အားကိုးရပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ငြိမ်အေးချမ်းသော နိုင်ငံတစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်သည့် မှတ်ကျောက်တင်ခံနိုင်သော အစိုးရတစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

**❖ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အာဆီယံ၏အစိတ်အပိုင်းအဖြစ်၊ အင်ဒိုနီးရှားနိုင်ငံ၏ မိတ်ဆွေအဖြစ် အမြဲမှတ်ယူထားရှိပြီး မြန်မာနိုင်ငံကို အောင်မြင်သော၊ ငြိမ်းချမ်းသောနိုင်ငံအဖြစ် ဖြစ်ပေါ်လာစေရေး လိုအပ်သည်များကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းအကြား အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာ-အာဆီယံအကြား ပိုမိုတောင့်တင်းခိုင်မာသည့်ဆက်ဆံမှုများ ပြန်လည်တိုးတက်လာစေရေး၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံ၏အနာဂတ်ကောင်းကျိုးများကို ဆောင်ရွက်ပေးနိုင်မည့် အာမခံချက်ရှိသည့် အစိုးရတစ်ရပ်အဖြစ်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အကြီးစားပြင်ဆင်မွမ်းမံ ထိန်းသိမ်းခြင်းလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး



**ရန်ကုန်  ဇွန် ၈**

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ သွားရောက်၍ အကြီးစားပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား အကြီးစားပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ရန်အတွက် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် အဆောက်အဦဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်နီးပါးဆောင်ရွက်ပြီးစီးပြီဖြစ်၍ လာမည့်အာဇာနည်နေ့တွင် ပြခန်းတိုးချဲ့ပြသမှုများ ရှေးမူလက်ရာမပျက်ကြံ့ခိုင်အောင်ဆောင်ရွက်မှုများဖြင့် ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများအား ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဇွန် ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်သည် ဇွန်လ ၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါအထူးစီးပွားရေးဇုန်ရှိ Hansae Myanmar Co., Ltd.၌ ပြည်ပသို့တင်ပို့ရန်အဝတ်အထည်အမျိုးမျိုးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Kianjoo Can Myanmar Co., Ltd. ၏ အလူမီနီယံထုတ်လုပ်သည့် စက်ရုံ၌ အလူမီနီယံဘူးခွံအမျိုးမျိုးထုတ်လုပ်နေမှုနှင့် Zifan Pyrex Myanmar Co., Ltd. ၌ ဆေးဝါးများထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးများ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်၊ ပြည်ပသို့တင်ပို့ရာတွင် နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရေးနှင့် စံချိန်စံညွှန်းအရည်အသွေးပြည့်မီစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအလေးထားဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇွန် ၈**


ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် (၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum– SPIEF 2026) သို့တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၇ ရက် ဒေသစံတော်ချိန် ညပိုင်းတွင် လေကြောင်းခရီးဖြင့် စိန့်ပီတာစဘတ်မြို့မှ ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာကြသည်။

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီနှင့် ရော့စ်ကွန်ဂရက်စ်ရင်းနှီးမြှုပ်နှံမှုငွေကြေးရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများက စိန့်ပီတာစဘတ်မြို့ရှိ ပူလ်ကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇွန်လ ၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ကလေးဝ | ၃၇.၇°C |
| ဂန့်ဂေါ | ၃၆.၈°C |
| မုံရွာ | ၃၅.၅°C |
| ချောက် | ၃၅.၄°C |
| ညောင်ဦး | ၃၅.၃°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၅°C |
| မော်လိုက် | ၃၄.၈°C |
| ကလေး | ၃၄.၈°C |
| မင်းကင်း | ၃၄.၈°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၄.၆°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မာန်အောင် | (၇.၁၀)လက်မ |
| ကျောက်ဖြူ | (၆.၁၀)လက်မ |
| ဘားအံ | (၄.၄၂)လက်မ |
| စစ်တွေ | (၄.၃၇)လက်မ |
| မိုးကောင်း | (၄.၃၃)လက်မ |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | (၄.၂၆)လက်မ |
| ငါးသိုင်းချောင်း | (၃.၀၃)လက်မ |
| ကျုံပျော် | (၂.၂၈)လက်မ |
| ကော့ကရိတ် | (၂.၁၇)လက်မ |
| မြစ်ကြီးနား | (၂.၁၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၂ |
| ရှမ်း(မြောက်) | ၂၄ | ၃၁ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၈ | ၂၆ |
| ချင်း | ၁၅ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၅ | ၃၄ |
| မကွေး | ၂၄ | ၃၅ |
| ရခိုင် | ၂၄ | ၃၀ |
| ပဲခူး | ၂၃ | ၃၁ |
| ရန်ကုန် | ၂၅ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၃ |
| ကယား | ၂၀ | ၂၇ |
| ကရင် | ၂၃ | ၃၂ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၅ | ၃၁ |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono နှင့်ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် နေပြည်တော်သို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြားကာလရှည်ကြာစွာတည်ရှိခဲ့သည့် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ သံတမန်ဆက်ဆံရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအပေါ် အင်ဒိုနီးရှားနိုင်ငံက အပြုသဘောဆောင် ကြိုဆိုခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို နားလည်ထောက်ခံသည့် အင်ဒိုနီးရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ပညာသင်ဆုများပေးအပ်ခြင်းအပါအဝင် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးစေလိုကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရှိရင်းစွဲဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာခြင်းနှင့်အတူ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးကြိုးပမ်းဆောင်ရွက်မှုများကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ၅ ရပ်အား မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်လျက်ရှိခြင်းကို အင်ဒိုနီးရှားအနေဖြင့် အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏မိသားစုဝင်အဖြစ် နှစ်ပေါင်းများစွာတည်ရှိလာသည်ဖြစ်ရာ အာဆီယံ၏လှုပ်ရှားဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံကို ဆက်လက်ပါဝင်စေလိုကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် လူ့အဖွဲ့အစည်းတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နားလည်သဘောပေါက်ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပံ့ပိုးလိုကြောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူအချင်းချင်းကူးလူးဆက်ဆံရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ မြဝတီ

# ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းတွင် ရထားများမြန်နှုန်းမြှင့်တင် ပြေးဆွဲနိုင်ရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**မော်လမြိုင် ဇွန် ၈**

ရန်ကုန် – မော်လမြိုင် ရထားလမ်းပိုင်းတွင် ရထားများမြန်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ရန်ကုန် – မော်လမြိုင် ရထားလမ်းပိုင်းတွင် ရထားများမြန်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

နေပြည်တော် ဇွန် ၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **PUBLIC PRIVATE PARTNERSHIP(PPP) ဥပဒေအား ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အစီအစဉ်ရှိ မရှိကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံတော်တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ စီမံကိန်း ဘဏ်(Project Bank) ဆိုင်ရာ ညွှန်ကြားချက်တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို အခန်း ၄ မှ အခန်း ၁၀ အထိ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (PPP Center)ကလည်း အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ ယှဉ်ပြိုင်တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ ညွှန်ကြားချက်ထုတ်ပြန်ထားပါကြောင်း။

PPP နှင့် စပ်လျဉ်းပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာညွှန်ကြားချက် (Notification of PPP)ကို ရေးဆွဲပြီး ဥပဒေရေးရာဝန်ကြီးဌာနသို့ သဘောထားတင်ပြတောင်းခံထားပါကြောင်း။

လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းအရ အစိုးရ-ပုဂ္ဂလိကအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၆ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၃၂၅ ဒသမ ၂၉၈ (ခုနစ်ထောင့်သုံးရာ နှစ်ဆယ့်ငါး ဒသမ နှစ်ကိုးရှစ်) သန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇၅ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၈ ဒသမ ၆၂၇ (ကျပ် ရှစ် ဒသမ ၆၂၇)ထရီလီယံကျော်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သီလဝါဆိပ်ကမ်းတွင် ကုမ္ပဏီ ၂၂ ခုမှ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ရယူပြီး သက်ဆိုင်ရာဥပဒေနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံနိုင်ငံများတွင်လည်း PPP Law ပြဋ္ဌာန်း၍ ဆောင်ရွက်သည့် နိုင်ငံ ၄ နိုင်ငံရှိပြီး မြန်မာနိုင်ငံအပါအဝင် ၇ နိုင်ငံတွင် လမ်းညွှန်ချက်၊ စည်းမျဉ်း၊ ဒီကရီ၊ အက်ဥပဒေနှင့် PPP လက်စွဲတို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ဥပဒေသီးခြားမပြဋ္ဌာန်းဘဲ အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများဖြင့် PPP လုပ်ငန်းများအကောင်အထည်ဖော်မှုကို အားကောင်းစွာဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ **မိုင်းယန်းမြို့အတွက် မဟာဓာတ်အားလိုင်းခွဲစက်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ်ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မိုင်းယန်းမြို့သည် မြို့ပေါ်(၁၁)ရပ်ကွက်တွင် အိမ်ထောင်စု ၁၃၈၂ စုနှင့် ကျေးရွာအုပ်စု ၂ အုပ်စုတွင် အိမ်ထောင်စု ၉၁၁ စုရှိပြီး လက်ရှိတွင် မြို့ပေါ်(၁၁)ရပ်ကွက်ရှိ အိမ်ထောင်စု ၆၀၄ စုအား 300kVA Caterpillar နှင့် 500kVA MTU ဒီဇယ်ဓာတ်အားပေးစက် ၂ လုံးတို့ဖြင့် တစ်ရက်လျှင် (၃)နာရီဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

မိုင်းယန်းမြို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးမည်ဆိုပါက မိုင်းခတ် – မိုင်းယန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ ၁ ရုံတည်ဆောက်သွားမည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၁၀ ဒသမ ၁၀၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး မိုင်းယန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၇ ရွာရှိ အိမ်ထောင်စုပေါင်း ၁၉၂၀ အား ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မိုင်းယန်းမြို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မိုင်းခတ်-မိုင်းယန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ ၁ ရုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားလိုင်းမြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်း (Survey) အား စတင်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေခွင့်ပြုရရှိမှုအရ ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **အစိုးရ၊ တာချီလိတ်မြို့ မီးလင်းရေးဦးဆောင်ကော်မတီနှင့် "ဝေ" မိသားစုကုမ္ပဏီလီမိတက်တို့အကြား မီတာခ(၁)ယူနစ်ဈေးနှုန်းထားနှင့် မီတာဘောက် (၁) လုံးလျှင် ရောင်းချရမည့်ဈေးနှုန်းသက်မှတ်ချက် သဘောတူစာချုပ်ရှိပါသလား၊ ရှိပါက သတ်မှတ်ထားသည့်ဈေးနှုန်းကို သိရှိလိုကြောင်းနှင့် နိုင်ငံတော်မှသတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်းရောင်းချပေးခြင်းမရှိခဲ့ပါက မည်သို့ကြပ်မတ်အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က တာချီလိတ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် တာချီလိတ်မြို့နယ် မီးလင်းရေးကော်မတီအား ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၃၀ ရက်မှစတင်၍ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့လုပ်ကိုင်ခွင့်ပြုခြင်းကိုလည်း နှစ်စဉ် တစ်နှစ်လျှင် တစ်ကြိမ် သက်တမ်းတိုး၍ ဆောင်ရွက်ခွင့်ပြုလျက်ရှိရာ ယခုသက်တမ်းခွင့်ပြုထားမှုမှာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက်အထိဖြစ်ပါကြောင်း။

တာချီလိတ်မြို့မီးလင်းရေးကော်မတီသည်ရှမ်းပြည်နယ်အစိုးရအဖွဲ့၏သဘောတူထောက်ခံချက်ဖြင့်တာချီလိတ်မြို့နေမီးသုံးစွဲသူဦးရေ ၁၂၉၇၇ ဦးအား ဓာတ်အားပေးလျက်ရှိပြီး ကောက်ခံလျက်ရှိသည့်တစ်ယူနစ်ဓာတ်အားခနှုန်းထားများမှာ ဘာသာ/သာသနာ ၅ ဒသမ ၀၀ ဘတ်၊ ဌာနဆိုင်ရာ ၅ ဒသမ ၈၀ ဘတ်၊ အများပြည်သူသုံး ၅ ဒသမ ၈၀ ဘတ်နှင့် ပါဝါမီတာ ၇ ဒသမ ၂၀ ဘတ်တို့ဖြစ်ပြီး မီတာဘောက်သတ်မှတ်ကြေးများမှာ အထွေထွေအိမ်သုံး ၈၀၀၀ ဘတ်နှင့် ပါဝါမီတာ/ စီတီမီတာ ၁၅၀၀၀ ဘတ်တို့ ဖြစ်ပါကြောင်း။

၂၀၂၆ ခုနှစ် မတ်လအထိ အထက်ဖော်ပြပါနှုန်းများဖြင့် ကောက်ခံခဲ့ပြီး ကမ္ဘာ့လောင်စာဆီနှုန်းတိုးမြင့်မှုများကြောင့် ဓာတ်အားသုံးစွဲသူများ၏ ဝန်ထုပ်ဝန်ပိုးလျော့ကျစေရန် ၂၀၂၆ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လ ၃ လအတွက် တစ်ယူနစ်လျှင် ၀ ဒသမ ၁ ဘတ်နှုန်းလျှော့ချ၍ အိမ်သုံးတစ်ယူနစ်လျှင် ၅ ဒသမ ၇ ဘတ်နှုန်း၊ လုပ်ငန်းသုံးတစ်ယူနစ်လျှင် ၇ ဒသမ ၁ ဘတ်နှုန်းဖြင့် ပထမအကြိမ် လျှော့ချပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း မီးလင်းရေးကော်မတီမှ မီးသုံးသူများသို့ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ တာချီလိတ်မြို့ မီးလင်းရေးကော်မတီအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခွင့် စာချုပ်ပါအရ ဓာတ်အားခနှုန်းထားများကို ဓာတ်အားသုံးစွဲသူတို့နှင့်ညှိနှိုင်း၍ သက်ဆိုင်ရာဒေသအာဏာပိုင်များထံ တင်ပြအတည်ပြုချက်ရယူ၍ စည်းကြပ်ကောက်ခံခြင်းဖြစ်ပြီး တာချီလိတ်မြို့မီးလင်းရေးကော်မတီနှင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့အကြား လျှပ်စစ်မီတာခ(၁)ယူနစ်တွင် ဈေးနှုန်းထားမည်မျှရောင်းချရမည်၊ လျှပ်စစ်မီတာဘောက်(၁)လုံးလျှင် ဈေးနှုန်းထားမည်မျှရောင်းချရမည်ဆိုသည့် သတ်မှတ်ချက်နှုန်းထားများကို သဘောတူချုပ်ဆိုထားခြင်းမရှိပါကြောင်းပြန်လည်ဖြေကြားသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **မန္တလေးငလျင်ဘေးဒဏ်သင့် မြို့နယ်များတွင် ထပ်တိုးစာရင်းများကောက်ယူခဲ့ခြင်း ရှိ၊ မရှိနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သည့် အဖွဲ့များဖွဲ့စည်း၍ ငလျင်ဘေးဒဏ်သင့်စာရင်းများကောက်ယူပြီး နိုင်ငံတော်ကကူညီထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်တို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့်တိုင်းဒေသကြီးနှင့် ပြည်နယ် ၈ ခုရှိ နေအိမ် ၅၁၄၀၂ လုံး ပြုပြင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ် ၁၆၀၂ ဒသမ ၇၉၂ ဘီလီယံကို သုံးစွဲခွင့်ပြုပါရန် နိုင်ငံတော်အကြီးအကဲထံ တင်ပြခွင့်ပြုချက်ရယူကာ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး ပြည်နယ်(၅)ခုမှ သေဆုံးသူ ၃၆၄၀ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃ ဒသမ ၆၄၀ ဘီလီယံနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ပုံငွေမှဘေးသင့်နေအိမ်၊ ဘာသာရေးကျောင်းများနှင့် သေဆုံး/ဒဏ်ရာရရှိသူ မိသားစုဝင်များအတွက် စုစုပေါင်း ငွေကျပ် ၇၅၁၂ ဒသမ ၄၉၆ သန်းကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ်က အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသည့် နေအိမ်ပျက်စီးမှုစာရင်းများအား ကောက်ယူရန်ညွှန်ကြားချက်ရရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျပြန်လည်စိစစ်ကာ ပြည်သူ့ကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ စာရင်းကောက်ယူခြင်း၊ နေအိမ်အမျိုးအစားအလိုက်လုံးဝပျက်စီးခြင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှုအခြေအနေများ ခွဲခြားပြုစုခြင်း ဆိုင်ရာအလိုက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေဖော်ထုတ်ခြင်း၊ ငလျင်လှုပ်ခတ်မှုကာလ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်၍ ယခင်ကကောက်ယူထောက်ပံ့ပြီးသောစာရင်းများနှင့် ပြန်လည်နှိုင်းယှဉ်ချိန်ညှိခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ကောက်ယူပြီး စာရင်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှစိစစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ထပ်တိုးစာရင်းများ ထောက်ပံ့နိုင်ရေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **တွံတေးမြို့နယ်ရှိ ပယ်ဖျက်ရန်ကျန်ရှိနေသော စားကျက်မြေ (၂၆၈၁) ဧကအား စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိအားသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍**

စာမျက်နှာ ၈ သို့ ➲

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၈

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်ကျောင်းသားများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရန် ဟုမ္မလင်းကောလိပ်သို့ လျှောက်ထားပါက ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိနှင့် တက်ရောက်ခွင့်မရှိပါက မည်သည့်အခက်အခဲများကြောင့် တက်ရောက်ခွင့်မပြုနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေများကြောင့် ကျင်းပခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ်တွင် ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ လျှောက်ထားချက်များအတိုင်း မြစ်ကြီးနားတက္ကသိုလ်သို့ ဝင်ခွင့်ပြုရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နောက်နှစ်များတွင်လည်း အဆိုပါပုံစံအတိုင်းဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြစ်ကြီးနားတက္ကသိုလ်သို့ဝင်ခွင့်ရသူများအနက် ဟုမ္မလင်းဒီဂရီကောလိပ်သို့ ပြောင်းရွှေ့လျှောက်ထားခဲ့သူ ၂၆ ဦးကို ဟုမ္မလင်းဒီဂရီကောလိပ်သို့ ပြန်လည်ပြောင်းရွှေ့ခွင့်ပြုခဲ့ပါကြောင်း။

ဟုမ္မလင်းဒီဂရီကောလိပ်တွင် အထူးပြုဘာသာရပ် ၁၀ ခု သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၈ ဦးရှိပါကြောင်း၊ ဆရာ၊ ဆရာမစုစုပေါင်း ၇၆ ဦးရှိပြီး သင်ကြားဆရာအင်အားလုံလောက်မှုရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရန် ဟုမ္မလင်းဒီဂရီကောလိပ်သို့ လျှောက်ထားလာပါက တက်ရောက်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ဆင်ခေါင်းအခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသော စာသင်ခန်းခြောက်ခန်းစာအတွက် အဆောက်အအုံတစ်ခုထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခြေခံပညာဦးစီးဌာန၏ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တစ်ထပ်ကျောင်းဆောင်တည်ဆောက်ရေးလုပ်ငန်းများအား နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ရွာသာအခြေခံပညာမူလတန်းကျောင်းသည် ခြကိုက်၍ ပျက်စီးနေပါသဖြင့် စာသင်ဆောင်အသစ်တစ်ဆောင်ထပ်မံတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တစ်ထပ်ကျောင်းဆောင်တည်ဆောက်ရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့်တင်ဒါခေါ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကုန်းသာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်သော စာသင်ခန်းရှစ်ခန်းစာအတွက် (၁၄၀x၃၀) ပေ RC နှစ်ထပ်ဆောင်ထပ်မံတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က တန်းခွဲအရ လိုအပ်သော စာသင်ခန်း ငါးခန်းအတွက် ပေ(၁၅၀ x ၃၀) RC တစ်ထပ်ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် ရရှိမည့်ဘတ်ဂျက်အရ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးပြည်ဖြိုးစံက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းပါ အခန်း ၁၃၊ ပုဒ်မ ၆၀ တွင် အွန်လိုင်းလိမ်လည်မှုတားဆီးရန်အတွက် အကောင့်များပိတ်ဆို့ခြင်း၊ ဆိုင်းငံ့ခြင်းဆောင်ရွက်သည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုရဟု အကာအကွယ်ပေးထားပါကြောင်း၊ ဤပြဋ္ဌာန်းချက်သည် သဘောရိုးဖြင့်လုပ်ကိုင်သောဝန်ထမ်းများကို ကာကွယ်ရန်ရည်ရွယ်ထားသောကြောင့် အလွန်ကောင်းမွန်သော်လည်း စာသားအရ အကန့်အသတ်မရှိဖြစ်နေပါကြောင်း၊ ထို့ကြောင့် ဤစကားရပ်ကို အလွဲသုံးစားလုပ်မှုမရှိစေရန်အတွက် (ဥပဒေနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်သော)ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများကိုသာ တရားစွဲဆိုခြင်းမှကင်းလွတ်ခွင့်ပြုရန်ဟူ၍ အဓိပ္ပာယ်ကို တိကျစွာကန့်သတ်ပြင်ဆင်ပေးရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး (ခ) ဦးတင်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို နယ်မြေအနှံ့ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အခြေခံဥပဒေပုဒ်မ ၅၆ အရ သတ်မှတ်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ဦးစီးအဖွဲ့ဥက္ကဋ္ဌများပါ **စာမျက်နှာ ၉ သို့**

**စာမျက်နှာ ၇ မှအဆက်**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးခရိုင် တွံတေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စု၌ စုစုပေါင်း စားကျက်မြေဧရိယာ ၃၇၃၂ ဧကရှိပါကြောင်း၊ ယင်းအနက် ဧရိယာ ၁၀၅၀ ဒသမ ၈၁ ဧကမှာ စားကျက်မြေပယ်ဖျက်ခွင့်ပြုပြီးဖြစ်သဖြင့် လက်ရှိတွင် စားကျက်မြေဧရိယာ ၂၆၈၁ ဒသမ ၁၉ ဧက ကျန်ရှိနေသေးပါကြောင်း၊ အဆိုပါကျန်ရှိနေသော စားကျက်မြေများပေါ်တွင် ဒေသခံပြည်သူများက လူနေအိမ်များ၊ မိုးစပါးနှင့် ရာသီသီးနှံစိုက်ပျိုးခြင်း၊ ငါးကန်၊ ဆေးခန်း၊ ဆန်စက်/ရေခဲစက်၊ လမ်း၊ မြစ်/ချောင်း၊ ရွာမြေ၊ ပလပ်မြေ၊ သုသာန်မြေ၊ သာသနာ့မြေနှင့် ဘောလုံးကွင်းများအဖြစ် မြေပြင်တွင် ကျူးလွန်အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

မြေပြင်တွင် ကျူးလွန်အသုံးပြုထားမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်၍ အများပြည်သူအကျိုးအတွက် မဖြစ်မနေအသုံးပြုရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံးသို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေး ပြည်ထဲရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ပယ်ဖျက်ခွင့်ရရှိပါက မြေပြင်အသုံးချမှုအပေါ်မူတည်၍ ဌာနဆိုင်ရာမြေ၊ လယ်ယာစိုက်ပျိုးရေးမြေ သို့မဟုတ် ကျေးရွာမြေအဖြစ် မြေစာရင်းဦးစီးဌာနမှ မြေအမျိုးအစားပြောင်းလဲမှတ်သားပြီး ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားကျက်မြေအဖြစ် တည်ရှိမှုမှာ ၉၉၂၂၁ ဒသမ ၂၈ ဧကရှိပြီး ၎င်းအနက်မှ ၄၄၃၈၀ ဒသမ ၀၄ ဧကအားပယ်ဖျက်ပေးခဲ့ပြီးဖြစ်ကာ ကျန်ရှိသော ၅၄၈၄၁ ဒသမ ၂၄ ဧကအား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း။

ထို့ပြင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သတ်မှတ်ထားသော စားကျက်မြေများလျော့နည်းမှုမရှိစေရေး ထိန်းသိမ်းရမည်ဖြစ်သော်လည်း နိုင်ငံတော်စီမံကိန်းနှင့်အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်လိုအပ်လာပါက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ စားကျက်မြေပယ်ဖျက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ စိစစ်တင်ပြမှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ မူအားဖြင့် ခွင့်ပြုပါက ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၊ အတွင်းရေးမှူးအဖြစ် မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်နှင့် အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇွန်လ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

❖ **စာမျက်နှာ ၈ မှအဆက်**

ကော်မတီဝင်များအဖြစ် ပါဝင်ဖွဲ့စည်းရမည်ဟု ဖြည့်စွက်လိုကြောင်း၊ အခန်း(၉) ပုဒ်မ ၁၉ တွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက အကြောင်းကြားတောင်းဆိုမှုပြုလုပ်နိုင်သည်ဟုဖော်ပြထားခြင်းအပေါ်အွန်လိုင်းလိမ်လည်မှုပြုသည်ကို ခိုင်လုံသောသက်သေအထောက်အထားဖြင့် သိရှိသူတစ်ဦးဦးက သတင်းပေးပို့အကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန်တောင်းဆိုနိုင်ကြောင်း ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၂ တွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်သို့အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ်မှတစ်ဆင့်ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြတိုင်ကြားနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းအပေါ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ သို့မဟုတ် ခိုင်လုံသောသက်သေအထောက်အထားဖြင့် သတင်းပေးတိုင်ကြားသူသည်ဟုလည်းကောင်း ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း။

ပုဒ်မ ၂၃ ပုဒ်မခွဲ(က)တွင် တိုင်ကြားချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူအား သက်ဆိုင်ရာ ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက်ဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းဖော်ပြထားခြင်းတွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူ သို့မဟုတ် ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးတိုင်ကြားသူဟုလည်းကောင်း၊ ပုဒ်မ ၂၄ ခြေဆင်းတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာပါကဟူ၍ ပြဋ္ဌာန်းဖော်ပြထားသည့်နေရာ၌ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ကြောင်း တိုင်ကြားလာပါကဟူ၍လည်းကောင်း၊ ပုဒ်မ ၂၅ တွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက ပထမသတင်းပေးတိုင်တန်းခြင်းမပြုလျှင် သက်ဆိုင်ရာဘဏ်က ယာယီဆိုင်းငံ့ထားသောဘဏ်ငွေစာရင်းကို ပြန်လည်ဖွင့်လှစ်ပေးရမည်ဟု ပြဋ္ဌာန်းဖော်ပြချက်နောက်တွင် တစ်ဆက်တည်း၊ သို့ရာတွင် သတင်းပေးချက်မှန်ကန်ကြောင်း စိစစ်တွေ့ရှိရလျှင် ဘဏ်စာရင်းကို ပြန်ဖွင့်ပေးခြင်းမပြုရဟုလည်းကောင်း ဖြည့်စွက်ပြင်သင့်ပါကြောင်း။

ဥပဒေအခန်း(၁၁) တားမြစ်ချက်များ၊ ပုဒ်မ ၅၀ ၏နောက်တွင် သီးခြားပုဒ်မ ၅၁ ဟုတပ်လျှင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူနှင့် သတင်းပေးတိုင်တန်းသူ၏လုံခြုံရေးကိုကာကွယ်ပေးခြင်း၊ ကျူးလွန်ခံရသူအတွက် နစ်နာဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်ရေး၊ သတင်းပေးသူအား ချီးမြှင့်ငွေအဖြစ် ပြန်လည်သတ်မှတ်ပေးရမည်ဟု ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးတင်မောင်ဝင်းက ဥပဒေကြမ်း အခန်း(၂) ပုဒ်မ ၃ (ဆ) ကို အွန်လိုင်းလိမ်လည်မှု (Online Scam) ဆိုသည်မှာ မတရားသောနည်းဖြင့် အကျိုးအမြတ်ရယူရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆုံးရှုံးနစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာစနစ်၊ ဆက်သွယ်ရေးကွန်ရက်၊ အင်တာနက် သို့မဟုတ် ဒစ်ဂျစ်တယ်နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ သူတစ်ဦးဦး၏ငွေကြေး၊ ပိုင်ဆိုင်မှုသို့မဟုတ် အဖိုးတန်ပစ္စည်းများကို လှည့်ဖြားရယူခြင်း သို့မဟုတ် သူတစ်ဦးဦး၏ကိုယ်ရေးအချက်အလက်များ၊ အကောင့်ဝင်ရောက်ခွင့် လျှို့ဝှက်ကုဒ်များကို လှည့်ဖြားရယူခြင်း သို့မဟုတ် တစ်ဆင့်ခံအသုံးပြုခြင်း သို့မဟုတ် မှားယွင်းသော သတင်းအချက်အလက်၊ ပုံရိပ်ယောင်ဖန်တီးမှုများဖြင့် တစ်ဖက်လူကို ယုံကြည်စေရန်လှည့်ဖြားခြင်းကိုဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်လိုကြောင်းနှင့်အခန်း (၁၁) ပုဒ်မ ၅၀၊ အခန်း(၁၂) ပုဒ်မ ၅၅ နှင့် အခန်း(၁၃) ပုဒ်မ ၆၂ တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်လိုသည်များကိုရှင်းလင်းဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးအောင်သီဟက ဥပဒေကြမ်းအခန်း(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် International Gateway Services(IGW) ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းရန်နှင့် အခန်း(၈) သတင်းအချက်အလက်ဖလှယ်ခြင်းတွင် (IGW)လိုင်စင်ရရှိသူများအား Online Scam များကို စောင့်ကြည့်ဖော်ထုတ်ရန်၊ Scam Cell များကို သတင်းပို့ရန်၊ Phishing Traffic များကို စောင့်ကြည့်ရန်၊ Cyber Threat များကိုဖော်ထုတ်ရန်၊ Traffic Log နှင့် CDR များကို ထိန်းသိမ်းရန်နှင့် စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်ရန်တာဝန်များကို ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂)ဦးအောင်သိန်းငွေးက ဥပဒေကြမ်းပါ အခန်း(၂)၊ ပုဒ်မ(၃)၊ အပိုဒ်ခွဲ(ဆ)တွင် သူတစ်ဦးဦး အစား လူတစ်ဦးဦး၏/ တစ်ဦးဦး၏/ တစ်စုံတစ်ယောက်၏/ တစ်စုံတစ်ယောက်သောသူ၏ဟု ပြင်ဆင်လိုကြောင်း၊ မြန်မာစာသတ်ပုံရေးထုံးအရ အဓိပ္ပာယ်ဟု ဝိုက်ချဖြင့် ရိုက်နှိပ်ထားသည်ကို အဓိပ္ပါယ်ဟု မောက်ချဖြင့် ရိုက်နှိပ်စေလိုပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်းက အခန်း(၅) ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း ပုဒ်မ ၇၊ အပိုဒ်ခွဲ(ဂ)အရ ဒေသဆိုင်ရာကော်မတီကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟုဖော်ပြပါရှိပါကြောင်း၊ သက်ဆိုင်ရာဒေသအသီးသီးမှရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုပါဒေသအတွင်းရှိ မြေပြင်အခြေအနေများအား ပိုမိုသိရှိနားလည်သူများဖြစ်သည့်အားလျော်စွာ လွှတ်တော်များပေါ်ပေါက်နေစဉ်ကာလအတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီတွင်ဖြစ်စေ၊ လိုအပ်ချက်အရ ထပ်မံတိုးချဲ့ဖွဲ့စည်းမည့် ခရိုင်အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီတွင်ဖြစ်စေ သက်ဆိုင်ရာဒေသမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်သွားပါက အဆိုပါကော်မတီများအား ပိုမို၍အထောက်အကူပြုသွားမည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း။

သို့ပါ၍ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသမှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်သွားနိုင်ပါရန်နှင့် နိုင်ငံတော်သည် အရေးပေါ်အခြေအနေတွင် ကျရောက်သည့်အချိန်အခါဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ဖျက်သိမ်းထားသည့် အချိန်အခါတွင်ဖြစ်စေ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များအား ကော်မတီအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပြီးဖြစ်စေရမည်ဟု ထည့်သွင်းဖော်ပြသင့်ပါကြောင်းဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးပြုံးချိုက အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) "နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ကျူးလွန်မှု"အစား "မည်သည့်ယာဉ်တစ်ခုခုပေါ်တွင်" ဟုလည်းကောင်း၊ အခန်း(၁၃) ပုဒ်မ ၆၂ ၏အောက်တွင် ပုဒ်မ ၆၃ အဖြစ် "ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်" ဟု ထည့်သွင်းပြဋ္ဌာန်းပြီး ပုဒ်မ ၆၃ ကို ပုဒ်မ ၆၄ အဖြစ်ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်က အခန်း(၁) ပုဒ်မ (၁) တွင် "ဤဥပဒေကို အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်"တွင် မြန်မာနိုင်ငံတော်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ဗဟိုကော်မတီဖွဲ့စည်းရာတွင် "အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ" ဟု အမည်ပေးဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အွန်လိုင်းလောင်းကစားမှုကြောင့် ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရပါကြောင်း၊ ထို့ကြောင့် ဥပဒေအမည်ကို "အွန်လိုင်းလောင်းကစားမှု" စာသားဖြည့်စွက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေဟု ခေါ်တွင်သင့်ပါကြောင်း၊ အခန်း(၂)အဓိပ္ပာယ်ဖော်ပြချက်တွင်လည်း အွန်လိုင်းလောင်းကစားမှုကို ထည့်သွင်းအဓိပ္ပာယ်ဖွင့်သင့်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က အခန်း(၁၁) ပုဒ်မ ၄၉ တွင် မည်သူမျှ သူတစ်ဦးအား ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သတင်းပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအမှတ်အား ဆိုင်းငံ့စေခြင်း၏နောက်တွင် အွန်လိုင်းလိမ်လည်မှု ဝက်ဆိုက်လင့်များပေးပို့ခြင်း၊ ထည့်သွင်းခြင်းတို့ မပြုရဟုလည်းကောင်း၊ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ (၃၇) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ကိုးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းတစ်ထောင်မှ အများဆုံး ကျပ်သိန်းငါးထောင်ထိ ငွေဒဏ်လည်းချမှတ်ရမည်ဟုလည်းကောင်း၊ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ ၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ (၄၉)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးထောင်မှ အများဆုံး ကျပ်သိန်းတစ်သောင်းအထိ ငွေဒဏ်လည်း ချမှတ်ရမည်ဟုလည်းကောင်းပြင်ဆင်ဖြည့်စွက်လိုကြောင်း။

မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိ ချမှတ်ရမည့် အပြင်၏နောက်တွင် ထိုသူနှင့်ဆက်နွယ်ပတ်သက်၍ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် သို့မဟုတ် ထိုသူပြစ်မှုကျူးလွန်ခဲ့သည့် ကာလတစ်လျှောက်လုံးရရှိခဲ့သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်ငွေကြေးအမျိုးမျိုးတို့၏ ကာလတန်ဖိုး၏ နှစ်ဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်ဟုလည်းကောင်း၊ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်သက်ဖြစ်စေ၊ အများဆုံးသေဒဏ်ထိဖြစ်စေချမှတ်ရမည့်အပြင် ထိုသူနှင့်ဆက်နွယ်ပတ်သက်၍ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် သို့မဟုတ် ထိုသူပြစ်မှုကျူးလွန်ခဲ့သည့် ကာလတစ်လျှောက်လုံးရရှိခဲ့သည့်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် ငွေကြေးအမျိုးမျိုးတို့၏ ကာလတန်ဖိုး၏နှစ်ဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်။ အကယ်၍ အဆိုပါပြစ်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးခဲ့သော် သေဒဏ်ချမှတ်ရမည်ဟုလည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်နှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် **အခြေခံပညာကျောင်းများရှိ ပညာသင်ကြားရေး ဆရာ၊ ဆရာမများ လိုအပ်နေမှုအခြေအနေကို နိုင်ငံတော်မှ အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်က ယခုခေတ်ပညာသင်ကြားရေးစနစ်တွင် ဆရာတစ်ယောက်လစ်လပ်နေလျှင် သင်ကြားရေးတွင် အခက်အခဲရှိနိုင်ပါကြောင်း၊ ခေတ်ကာလအခြေအနေအရ သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ဆရာ၊ ဆရာမများလစ်လပ်နေမှုကို ယခုအတိုင်းဆက်သွားနေပါက မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသားများအတွက် ရင်လေးစရာကောင်းလှပါကြောင်း၊ ကျော်လွန်ခဲ့သည့် အတိတ်ဖြစ်ရပ်များကို ချန်ထားခဲ့ပြီး လက်ရှိအချိန်မှစ၍ ဆရာ၊ ဆရာမဖြည့်ဆည်းရေးအစီအစဉ်ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာသင်နှစ်တစ်နှစ်ကို မစောင့်ဘဲ ယခုမှစတင်၍ လုပ်ဆောင်ပါက လူငယ်မောင်မယ်များအတွက် ချက်ချင်းလက်ငင်းအကျိုးရှိမည်ဖြစ်ပါကြောင်း။

ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသည့်ဆိုရိုးနှင့်အညီ တက်သစ်စလူငယ်မောင်မယ်များ၏ နောင်ရေးကို မြော်တွေးပြီး သင်ကြားရေး ဆရာ၊ ဆရာမများ အသစ်ခန့်ထားရာတွင်လည်း တစ်ဦးချင်းစီကို စိစစ်ခန့်ထားရန်လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများကလည်း မိမိတို့ တာဝန်ကျရာနေရာဒေသကို မိမိတို့မွေးရပ်ဇာတိမြေကဲ့သို့ သဘောထားပြီးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ သို့မှသာ လစ်လပ်နေသည့်အခြေခံပညာကျောင်းများတွင်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုံစုံလင်လင် ညီညီညာညာစာပေရွတ်ဖတ်သံနှင့်အတူ ပညာရေးလောကကြီးကို အလှဆင်နိုင်မည်ဖြစ်ကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအားလွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇွန်လ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# စီးပွားဖြစ် ကြွက်နားရွက်မှို စိုက်ပျိုးမည်ဆိုလျှင်

ကိုကျော်စွာ(ကျိုက်ပိ)

လူသားတို့သည် မှိုကိုလွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကတည်းက တွေ့ရှိခဲ့ကြသည်။ မှိုသည် ယနေ့ခေတ် လူတို့စားသုံးမှုအများဆုံးစားသောက်ဖွယ်တစ်မျိုးဖြစ်လာသည်။ ထို့ကြောင့် မှိုစားသုံးမှုပိုများလာသည်နှင့်အမျှ စားသုံးရာ၌ ဖူလုံမှုရှိစေရန် စနစ်တကျစိုက်ပျိုးထုတ်လုပ်လာကြသည်။ မှိုအမျိုးမျိုးရှိသည့်အနက် စာရေးသူအနေဖြင့် စားသုံးသူများပြီး ဆေးဖက်လည်းဝင်သည့် ကြွက်နားရွက်မှိုစိုက်နည်းအကြောင်း သို့မဟုတ် ကြွက်နားရွက်မှိုကို စီးပွားဖြစ်စိုက်ပျိုးမည်ဆိုလျှင် သိသင့်သည်များကို ရေးသားဖော်ပြသွားမည်ဖြစ်သည်။

**ကြွက်နားရွက်မှိုမွေးမြူပုံအဆင့်ဆင့်**

ကြွက်နားရွက်မှိုသည် မှိုပွင့်အချင်း ၃ - ၁၀ စင်တီမီတာနှင့် အထူ ၂-၅ မီလီမီတာရှိသည်။ မှိုပွင့်၏ကျောဘက်တွင် မဲ့ပြာရောင်သန်းသည်။ အဖြူရောင်အမွေးတို့လည်းပါရှိသည်။ ကြွက်နားရွက်မှိုစိုက်ပျိုးမွေးမြူရာတွင် မှိုအာဟာရပြုလုပ်ခြင်း၊ ဖြည့်စွက်စာရောခြင်း၊ ပလတ်စတစ်အိတ်ထည့်ခြင်း၊ မျိုးထည့်ခြင်း၊ မျိုးရင့်အောင်ထားခြင်း၊ မှိုတဲတည်ဆောက်ခြင်း၊ မှိုစိုက်ပျိုးထုပ်ဓားခွဲခြင်းနှင့်မှိုတဲ၌ထားခြင်း၊ မှိုခူးဆွတ်ခြင်း စသည်တို့ဖြစ်သည်။

**မှိုအာဟာရပြုလုပ်ခြင်း**

မှိုအာဟာရပြုလုပ်ရန်လိုအပ်သောပစ္စည်းများမှာ လွှစာမှုန့်နှင့်ဆန်ကွဲတို့ဖြစ်သည်။ လွှစာမှုန့်ကို အသုံးပြုမည်ဆိုပါက ကောင်းစွာနှပ်ထားပြီးမှသာအသုံးပြုရမည်။ လွှစာမှုန့်တွင် အသားမာလွှစာမှုန့်နှင့် အသားပွလွှစာမှုန့်ဟူ၍ရှိရာ အသားမာလွှစာမှုန့်ကို အသုံးပြုမည်ဆိုပါက ပုလဲဓာတ်မြေသြဇာ ၁ ရာခိုင်နှုန်းထည့်ပြီး လေးလမှ ခြောက်လအထိနှပ်ထားပေးရန် လိုအပ်သည်။ ထို့ပြင် နှစ်ပတ်တစ်ကြိမ် အထက်အောက်လှန်ပေးရသည်။ အသုံးမပြုမီ နှစ်ပတ်အလိုမှာ ထုံး သုည ဒသမ ၅ ရာခိုင်နှုန်းထည့်ပေးရသည်။ အသားပွလွှစာမှုန့်အသုံးပြုမည်ဆိုပါက ထုံး သုည ဒသမ ၅ ရာခိုင်နှုန်းထည့်ပြီး အထက်အောက်လှန်ပြီး နှစ်ပတ်အကြာမှာ အသုံးပြုနိုင်သည်။ မှိုအာဟာရပြုလုပ်ပါက အလေးချိန်အားဖြင့်လွှစာမှုန့် ငါးဆနှင့်ဆန်ကွဲတစ်ဆကိုသမအောင်ရောစပ်ပြီး ရေ ၆၅ ရာခိုင်နှုန်းနှင့်ရောမွှေပါ။ အဆိုပါလွှစာမှုန့်၊ ဆန်ကွဲ၊ ရေအရောအနှောကို လက်ဖြင့်တင်းကျပ်စွာဆုပ်ကြည့်ပါ။ လက်ချောင်းများကြားမှရေထွက်လာလျှင် အာဟာရအတွက် ရေပါဝင်မှုနှုန်းအနေတော်ဖြစ်သည်။ ဤကား ကြွက်နားရွက်မှိုအတွက် အာဟာရဓာတ်ပြုလုပ်ခြင်းဖြစ်သည်။

**ဖြည့်စွက်စာရောစပ်ခြင်း**

ကြွက်နားရွက်မှိုအတွက် ဖော့စဖောရပ်ဓာတ်သည်အထူးလိုအပ်သည်။ လွှစာမှုန့်၌ အဆိုပါဓာတ်လုံလောက်စွာပါဝင်မှုမရှိ၍ အထွက်နှုန်းနည်းတတ်သည်။ လွှစာမှုန့်၌ ဖော့စဖောရပ်ဓာတ်ကြွယ်ဝပြီး အထွက်နှုန်းကောင်းစေရန် ကျောက်မှုန့်မြေသြဇာ သို့မဟုတ် စူပါဖော့စဖိတ်မြေသြဇာထည့်ပေးရသည်။ ထည့်ရမည့်ပမာဏမှာ ထုထည်၏ သုည ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် ၁ ရာခိုင်နှုန်းအထိဖြစ်သည်။ လွှစာမှုန့်အသုံးပြု၍ ဖြည့်စွက်စာထည့်ရမည့်နည်းမှာ -

| | | |
|---|---|---|
| ၁။ | နှပ်ပြီးလွှစာမှုန့် | - ၁၀၀ ရာခိုင်နှုန်း |
| ၂။ | ဖွဲ့နု | - ၁၂ ရာခိုင်နှုန်း |
| ၃။ | ပြောင်းရိုး၊ ပြောင်းပင် | - ၅ ရာခိုင်နှုန်း |
| ၄။ | ပဲဖတ် | - ၁ ရာခိုင်နှုန်း |
| ၅။ | ထုံး | - ၁ - ၅ ရာခိုင်နှုန်း |
| ၆။ | ဆားခါး | - သုည ဒသမ ၁ ရာခိုင်နှုန်း |
| ၇။ | ရေ | - ၇၀ - ၇၅ ရာခိုင်နှုန်း |

တို့ဖြစ်သည်။ ဖြည့်စွက်စာ၌ ဆားခါးထည့်ရခြင်းမှာ မှိုသန္ဓေခဲ စောစီးစွာထွက်ပေါ်လာစေရန်ဖြစ်သည်။

**ပလတ်စတစ်အိတ်အတွင်းထည့်ခြင်း**

ကြွက်နားရွက်မှိုစိုက်ပျိုးရာတွင် အသုံးပြုမည့် ကုန်ကြမ်းသည် လွှစာမှုန့်ကိုအသုံးပြုမည်ဆိုပါက မှိုအိတ်ကို ၁၅-၁၃ x ၂၈-၃၈ စင်တီမီတာအရွယ်ရှိ အပူခံပလတ်စတစ်အိတ်ကိုအသုံးပြုရမည်။ ကောက်ရိုးကိုအသုံးပြုမည်ဆိုပါက ၁၇ ဒသမ ၅ x ၂၆ ဒသမ ၅ စင်တီမီတာအရွယ်အိတ်ကို အသုံးပြုရမည်ဖြစ်သည်။ အဆိုပါပလတ်စတစ်အိတ်ထဲသို့ ကုန်ကြမ်းနှပ်စာများကိုမွှအောင်ချေ၍ တစ်အိတ်လျှင် ၇ ကျပ်သားခန့်ထည့်ပေးပြီး အိတ်နှုတ်ခမ်းမှမကာ ကြမ်းဖြင့်ခပ်ဖွဖွဆောင့်သိပ်ပေးပါ။ ထို့နောက် လက် သို့မဟုတ် ပုလင်းဖြင့်ဖိသိပ်၍ တင်းတင်းဆွဲထုပ်ပါ။ ထို့နောက် မှိုမျှင်တိုးဝင်ပျံ့နှံ့မှုလျင်မြန်စေရန် အဖျားရှူးတုတ် သို့မဟုတ် သံချောင်းဖြင့် အိတ်အောက်ခြေအထိ ရောက်အောင်ထိုး၍ အပေါက်ဖောက်ပေးရမည်။ ထို့နောက်စက္ကူအုပ်၍သားရေကွင်းဖြင့်စည်းထားပေးပါ။

**မျိုးထည့်ခြင်း**

မှိုမျိုးထည့်ရာတွင် လေမတိုက်ဘဲ သန့်ရှင်းသောနေရာ၌ ကြမ်းပြင်ကိုရေစိုအဝတ်ခင်း၍ မျိုးထည့်ရမည်။ မှိုမျှင်များနှင့်ပြည့်နေသော မှိုမျိုးပုလင်း သို့မဟုတ် မှိုမျိုးထုပ်မှ မှိုမျှင် ၂၀ ဂရမ်ကို ပိုးသတ်ထားသော ဇွန်းဖြင့်ကော်ယူ၍ မှိုမျိုးထုပ်အပေါက်ရှိ ဂွမ်းထုပ် သို့မဟုတ် စက္ကူပြတ်ကိုဖယ်၍ ထည့်ပေးပါ။

**မျိုးရင့်အောင်ထားခြင်း သို့မဟုတ် မှိုမျှင်ကြီးထွားစေခြင်း**

မှိုမျှင်များထည့်ပြီးသောအခါ မှိုအာဟာရထုပ်များကို အပူချိန် ၂၂ -၂၄ ဒီဂရီဆဲလ်စီးယက်မှ ၂၅ - ၃၀ ဒီဂရီဆဲလ်စီးယက်ရှိ အမှောင်ခန်း၌ထားရမည်ဖြစ်သည်။ ထိုသို့ထားရာတွင် လေဝင်လေထွက်ကောင်းအောင် အထုပ်အချင်းချင်းမထိစေဘဲ တန်းစီထားရမည်။ တစ်ထုပ်နှင့် တစ်ထုပ်ကြား ၁၀ စင်တီမီတာအကွာရှိသင့်သည်။ ကြွက်နားရွက်မှိုသည် အပူချိန် ၂၅ မှ ၃၀ ဒီဂရီဆဲလ်စီးယက်အတွင်း မှိုမျှင်ကြီးထွားမှုကောင်းသော်လည်း ထိုအပူချိန်၌ အခြားဇက်တီးရီးယားများပေါက်ပွားမှုကောင်းသဖြင့် ထိုပိုးမွှားများဝင်ရောက်မှုမရှိစေရန် အခန်းအပူချိန်ကို ၂၅ ဒီဂရီဆဲလ်စီးယက်၌သာ ထားသင့်သည်။ မှိုမျှင်ကြီးထွားမှုသည် ရက် ၃၀ မှ ၄၀ ခန့်တွင်ပြီးဆုံးသည်။ မှိုမျှင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုမြင့်မား၍ လေလှုပ်ရှားမှုမရှိပါက လျင်မြန်စွာကြီးထွားသည့်သဘောရှိသောကြောင့် မျိုးရင့်ခန်းမှာ လေလုံရမည်ဖြစ်သည်။ သို့သော် မှိုမျှင်ပြေသောအချိန်တွင် လေဝင်ပေါက်ကို တစ်နေ့ ၁၀ မိနစ်ခန့်ဖွင့်ပေးပါ။ ၁၀ မိနစ်ထက်မပိုရပေ။ မှိုမျှင်များအစာစုဆောင်း၍ အထုပ်အတွင်းသန္ဓေခဲများဖြစ်လာစေရန် ၂၀ ရက်မှ ၂၅ ရက်အတွင်း လေဝင်လေထွက်ကောင်းစေရန်နှင့် အလင်းရောင်ဖျော့ဖျော့ဝင်ရောက်စေရန် ပြုလုပ်ပေးရသည်။



**မှိုတဲဆောက်ခြင်း**

ကြွက်နားရွက်မှိုစိုက်ပျိုးရန်အတွက် မှိုတဲသည် အလင်းရောင်နှင့် လေဝင်လေထွက်အလွန်ကောင်းရန်မလိုပေ။ အကောင်းဆုံးနှင့်အသင့်လျော်ဆုံးမှိုတဲမှာ ၁၂ x ၁၈ ပေ၊ အမြင့် ၇ ပေခွဲဖြစ်ပြီး စင်နှစ်စင်ဆံ့ရမည်။ ဆောက်လုပ်ရာတွင် ဝါး သို့မဟုတ် သစ်သားဖြင့်ဆောက်လုပ်ရမည်။ ဆောက်လုပ်မည့်ဝါးကို တစ်လကြိုတင်ရေစိမ်ထားရမည်။ အမိုးနှင့်စင်အကြား ၁၂ စင်တီမီတာခွာထားပါ။ အလင်းရောင်အနည်းငယ်ရစေရန်အလင်းပေါက်ပြုလုပ်ပေးထားရမည်၊ အလင်းပေါက်ကို ပလတ်စတစ်အကြည်ဖြင့်ကာပေးပါ။ တဲ၏မြင်းမိုရ်နှစ်ဖက်တွင် ၄၀ x ၆၀ စင်တီမီတာအပေါက်တစ်ပေါက်စီဖောက်ပေးရမည်။ ထို့ပြင် ဝင်ထွက်တံခါးနှစ်ပေါက်နှင့်လူသွားလမ်းရှိရမည်ဖြစ်သည်။

**မှိုစိုက်ပျိုးထုပ်ဓားခွဲခြင်းနှင့် တဲအတွင်းထားခြင်း**

စိုက်ပျိုးမှိုထုပ်များ၌ မှိုမျှင်များပြည့်၍ သန္ဓေခဲစပြုလာပါက စိုက်ပျိုးထုပ်များကိုရွေးချယ်ပြီး စက္ကူဂွမ်းများဖယ်ပစ်ပါ။ ထို့နောက် သားရေကွင်းဖြင့်တင်းကျပ်စွာပြန်စည်းပါ။ ထို့နောက် မှိုအိတ်ဘေးဘက်ကို ဓားဖြင့် ခြောက်ချက်ခွဲရမည်။ ဓားခွဲရာတွင် အပေါ်အောက်ခွဲခြင်းသည် ခပ်စောင်းစောင်းခွဲခြင်းထက် အစိုဓာတ်ကိုပိုထိန်းနိုင်သည်။ ဓားခွဲကြောင်းအရှည်မှာ ၆ စင်တီမီတာ သို့မဟုတ် ၈ စင်တီမီတာဖြစ်သည်။ ကြက်ခြေခတ်ပုံစံလည်းခွဲနိုင်သည်။ တဲအတွင်းမှိုထုပ်ထားရာတွင် စင်ပေါ်ထားခြင်းနှင့် ကြိုးဆွဲထားခြင်းဟူ၍ နှစ်မျိုးရှိသည်။ စင်တင်ထားခြင်းမှာ တစ်ထုပ်နှင့် တစ်ထုပ်မကွာလွန်းစေဘဲ စင်ပေါ်တင်ထားခြင်းဖြစ်သည်။ ကြိုးဆွဲစိုက်ပျိုးခြင်းမှာ အိတ်နှုတ်ခမ်းကိုကြိုးချည်၍ စင်များ၏အဆင့်အောက်တွင် အောက်အဆင့်နှင့်လက်တစ်ဝါးခန့်ခွာ၍ ဆွဲထားခြင်းဖြစ်သည်။ ချိတ်ဆွဲရာတွင် တစ်ထုပ်နှင့်တစ်ထုပ် ၇ စင်တီမီတာခွာချိတ်ရမည်။ မှိုထုပ်များတဲအတွင်းထည့်ပြီးပါက ပြင်ပဇက်တီးရီးယားများမဝင်အောင် အထူးဂရုစိုက်ရမည်ဖြစ်သည်။

**ရေလောင်းခြင်းနှင့်ခူးဆွတ်ခြင်း**

ကြွက်နားရွက်မှိုကိုရေလောင်းရာတွင် သာမန်ရာသီဥတု၌ တစ်နေ့နှစ်ကြိမ်သာ ဖျန်းပေးရမည်။ ရာသီဥတုအေး၍ ခြောက်သွေ့ပါက အကြိမ်တိုး၍ဖျန်းပေးရမည်။ ပူသောရာသီဥတုမျိုး၌ တစ်နေ့ ၈ ကြိမ်မှ ၁၂ ကြိမ်အထိဖျန်းပေးရမည်ဖြစ်သည်။ မိုးရာသီတွင် တစ်နေ့လုံးမိုးရွာနေပါက ရေလောင်းရန်မလိုပါ။ ရေလောင်းရန်ရေဖျန်းကရား၊ ရေဖျန်းကိရိယာနှင့် ပိုးသတ်ဆေးပိုက်များကိုအသုံးပြုနိုင်သည်။ ပိုးသတ်ဆေးဖျန်းပိုက်ဖြင့်လောင်းလျှင် ပိုကောင်းသည်။ ရေဖျန်းရာတွင် မှိုထုပ်မျက်နှာပြင် စိုထိုင်းသွားလျှင်လုံလောက်သည်။ အရေးကြီးသောအချက်မှာ မှိုထုပ်အတွင်း ရေမဝင်စေရန်နှင့်ရေမတင်စေရန်ဖြစ်သည်။ အကယ်၍ ရေဝင်ရေတင်သွားပါက ဓားဖြင့်ခွဲ၍ဖောက်ထုတ်ခြင်း၊ မှိုအိတ်ကိုစောင်း၍ထုတ်ခြင်းပြုလုပ်နိုင်သည်။ မှိုခူးဆွတ်နိုင်သောအချိန်မှာ မှိုထုပ်ဓားခွဲပြီး ရေစတင်ဖျန်းသည့်နေ့မှ ၁၂ ရက်အတွင်းဖြစ်သည်။ ချွင်းချက်အနေဖြင့် ရာသီဥတုပေါ်မူတည်၍ ရက်ကွာခြားမှုရှိနိုင်သည်။ ကြွက်နားရွက်မှိုအပွင့်ငယ်စဉ်၌ နှုတ်ခမ်းသားထူပြီး ခွက်နှင့်တူသည်။ ရင့်လာသောအခါ နှုတ်ခမ်းသားပါး၍ လှိုင်းတွန့်များဖြစ်လာသည်။ နှုတ်ခမ်းသားပါး၍ လှိုင်းတွန့်ဖြစ်လာပါက ရင့်ကြောင်းသိနိုင်သဖြင့် အလွယ်တကူခွဲခြားခူးဆွတ်နိုင်သည်။ မှိုအားလုံးအပြည့်အဝကြီးရင့်လာသောအခါ လက်ဖြင့်ဖြည်းညင်းစွာဆုပ်ကိုင်ခူးဆွတ်ရမည်။ မှိုပွင့်၏အခြေလွှစာဖြစ်နေသောနေရာကိုဖြတ်ပစ်ရမည်။ သတိပြုရမည့်အချက်မှာ လှိုင်းတွန့်ဖြစ်ပြီး လုံးဝရင့်နေသောမှိုများကိုသာ ရွေးချယ်ခူးဆွတ်ရမည်ဖြစ်သည်။ ခူးဆွတ်ပြီးသောမှိုပွင့်များကို ခြင်းများအတွင်းထည့်၍လည်းကောင်း၊ ဖျာ သို့မဟုတ် အခင်းတစ်ခုခုပေါ်တွင်ဖြန့်တင်၍လည်းကောင်း တိုက်ရိုက်နေထိသောနေရာမျိုးတွင် ၂ ရက် ၃ ရက်လှန်းထားရသည်၊ ထိုအခါ ယနေ့စာရေးသူတို့စားသုံးနေသော ကြွက်နားရွက်မှိုခြောက်ကိုရရှိမည်ဖြစ်သည်။

**ကြွက်နားရွက်မှို၏အာဟာရဓာတ်နှင့်ကျန်းမာရေး**

ကြွက်နားရွက်မှိုသည် ကျန်းမာရေးကိုအကျိုးပြုသောမှိုဖြစ်သဖြင့် စားသုံးသူများခြင်းဖြစ်သည်။ ကြွက်နားရွက်မှိုတွင်ပါဝင်သော အာဟာရဓာတ်များမှာ- ပရိုတင်းဓာတ်၊ ကယ်လိုရီဓာတ်၊ ဗီတာမင် B1၊ ဗီတာမင်B2၊ ဗီတာမင် B5၊ ဗီတာမင် B6၊ ဗီတာမင် B9(Folate)၊ ကော့ပါးဓာတ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်ဓာတ်၊ ဆီလီနီယမ်ဓာတ်၊ ဇင့်ဓာတ်နှင့်အမျှင်ဓာတ်တို့ဖြစ်သည်။ ကြွက်နားရွက်မှိုမှာ ဆေးဖက်ဝင်မှိုတစ်မျိုးဖြစ်ပြီး ပရိုတင်းဓာတ်ပါသည့်အတွက်အရိုးနှင့်ကြွက်သားများကိုကောင်းမွန်စေသည်။ ကိုယ်ခံအားကိုလည်းကောင်းစေသည်၊ သကြားဓာတ်မပါဝင်သောကြောင့်ဆီးချိုကိုကာကွယ်ပေးသည်။ အမျှင်ဓာတ်ပါဝင်သည့်အတွက် အစာခြေစနစ်ကိုကောင်းစေသည်။ ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးသည့်အတွက် အူမကြီးကင်ဆာကိုတားဆီးပေးနိုင်သည်၊ သတိပြုရမည့်အချက်မှာ ကြွက်နားရွက်မှိုကို ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ရောဂါအခံရှိသူများမစားသင့်ပါ။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ကြွက်နားရွက်မှိုသည် ဆေးဖက်ဝင်၍ လူအများကြိုက်နှစ်သက်သောမှိုဖြစ်သလို ဈေးကွက်ခိုင်မာသောမှိုလည်းဖြစ်သည်။ ထို့ကြောင့် မိသားစုတစ်နိုင်တစ်ပိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ ကြွက်နားရွက်မှိုစိုက်ပျိုးမည်ဆိုလျှင် သိထားသင့်သည်များအား လေ့လာတင်ပြမျှဝေလိုက်ပါသည်။ ။

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၈

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၈

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ဆောင်၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံတို့အကြား ရှိရင်းစွဲသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး အခြေအနေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(၂၀၂၆) နှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းကျင်းပ



နေပြည်တော် ဇွန် ၈

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (၂၀၂၆)နှင့်စပ်လျဉ်း၍သတင်းပို့အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်နှင့်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သတင်းပို့အဖွဲ့အစည်းများ၏ဥပဒေလိုက်နာဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် လိုအပ်သည့် လမ်းညွှန်မှု၊ ပံ့ပိုးမှုများကို အမြဲတမ်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေသစ်နှင့် အဓိပ္ပာယ်ကောက်ယူမှုဆိုင်ရာ ရှင်းလင်းချက်များ၊ လက်တွေ့အကောင်အထည်ဖော်မှု အခွင့်အလမ်းနှင့် ဝိဝါဒကွဲလွဲမှုများအပေါ် သုံးသပ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန် တာဝန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် (၂၀၂၆) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း(၈)နှင့် အခန်း (၁၃) အား ချိတ်ဆက်ဆွေးနွေးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°င | / | ၃၀°င |
| ရန်ကုန် | ၂၅°င | / | ၃၂°င |
| မန္တလေး | ၂၅°င | / | ၃၄°င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၈

နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ကော်မတီအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းရှင်များနှင့် နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌနှင့်လုပ်ငန်းကော်မတီအတွင်းရေးမှူးတို့က ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သောကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

❒ ရှေ့ဖုံးမှအဆက်

ကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသန်းစိုးအား ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်၍ သက်ဆိုင်ရာနယ်မြေဒေသများအရောက် ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးပမ်းဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့်တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်လာသည့်ပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များစားနပ်ရိက္ခာ အခက်အခဲမရှိစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကနဦးစီစဉ်မှုအဖြစ် စားသုံးဆီနှင့် ဆန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံတို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် စားသုံးဆီ ၁၀ တန်၊ ဆန် တန် ၅၀၊ ဘိလပ်မြေ ၄ ဒသမ ၅ တန်တို့ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ကလေးမြို့သို့ ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်များသို့ဆက်လက်ဖြန့်ခွဲထောက်ပံ့နိုင်ရေး၊ ဒေသ၏ လိုအပ်ချက်များအပေါ် မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြဝတီ

# ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၈

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ကော်မတီဝင်ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနအလိုက်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဓာတ်မြေဩဇာများ၏အရည်အသွေးနှင့် အလေးချိန်မှန်ကန်ရေး၊ သတ်မှတ်ရောင်းဈေးထက် ပိုမိုရောင်းချမှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့်ဈေးနှုန်းနှင့် တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချမှုအခြေအနေများနှင့် ရန်ကုန်အထိုင်ဈေးနှုန်းထုတ်ပြန်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ ဂျူဒိုနည်းပြသင်တန်းဖွင့်လှစ်



နေပြည်တော် ဇွန် ၈

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (IOC)၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ(MOC)၊ အပြည်ပြည်ဆိုင်ရာဂျူဒိုအဖွဲ့ချုပ်(IJF)နှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်(MJF)တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ဂျူဒိုနည်းပြသင်တန်း (အဆင့်-၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဂျူဒိုအားကစားနည်းသည် အိုလံပစ်အားကစားနည်းတစ်ခုဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုသာမက စည်းကမ်း၊ လေးစားမှုနှင့်စိတ်ဓာတ်ကြံ့ခိုင်မှုကိုပါ သွန်သင်ပေးနိုင်သည့်အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ခေတ်ပေါ်အားကစားသိပ္ပံနည်းကျ ကျွမ်းကျင်မှုများနှင့် ၂၁ ရာစု နည်းပြစွမ်းရည်များကို လေ့လာဆည်းပူးစေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက်သင်တန်း အတွေ့အကြုံများကို မိမိနေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိပါက အချင်းချင်း ပြန်လည်မျှဝေပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ ဂျူဒိုနည်းပြသင်တန်းတွင် သင်တန်းနည်းပြ Mr. Amar Meridja က သင်တန်းသား၊ သင်တန်းသူ ၃၀ ကို ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ


မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်

နေပြည်တော် ဇွန် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့် နှစ်နိုင်ငံနည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ဇွန်လ ၁ ရက်မှ ၅ ရက်အထိ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဇွန်လ ၁ ရက်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ဘယ်လာရုစ်နိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ivan Smilhin ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံမှ အေးခဲပုစွန်များ ဘယ်လာရုစ်နိုင်ငံသို့တင်ပို့ရေး၊ ဘယ်လာရုစ်နိုင်ငံမှ အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများ မြန်မာနိုင်ငံသို့ တင်သွင်းရေး၊ နေကြာနှင့် ဆီမုန်ညင်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ ဆီကြိတ်ခွဲထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဝါမှ ချည်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်မှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဝါ၊ ကော်ဖီ၊ သရက်၊ ဒူးရင်း၊ ထောပတ်သီးနှံများ ထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ၊ သိပ္ပံကျောင်းများအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ထို့အတူ ဇွန်လ ၂ ရက်တွင် (၃၆)ကြိမ်မြောက် နိုင်ငံတကာအထူးကုန်စည်ပြပွဲ ဖွင့်ပွဲသို့တက်ရောက်သည်။

အလားတူ ဇွန်လ ၃ ရက်တွင် မင့်စ်ဒေသအတွင်းရှိ Krakhmalsy Potato Processing Factory နယ်မြေ၏ ဟက်တာ ၁၁၀၀ ခန့်ရှိ အာလူးစိုက်ဧရိယာ၌ အစိုးရဌာနများ၏ ညှိနှိုင်းပေါင်းစပ်မှုဖြင့် အာလူးစိုက်တောင်သူများနှင့် စက်ရုံတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အာလူးကြော်စက်ရုံအတွင်း အာလူးကြော်ထုတ်လုပ်မှု၊ Tolochinsky Canned Food Factory ၏ အာလူးရိတ်သိမ်းခြင်း၊ အချိုရည်ပုလင်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဇွန်လ ၄ ရက်တွင် ဘာရာနိုဗစ်ချ်မြို့ရှိ Baranovichi Cotton Production Association ၏ ချည်မျှင်နှင့် အထည်စက်ရုံ၏ ချည်ထည်ပစ္စည်းအမျိုးမျိုးထုတ်လုပ်မှု၊ ဂိုရီဒေယာမြို့ရှိ ဂိုရီဒေးစကီးသကြားစက်ရုံတွင် သကြားမုန်လာမှသကြားချက်လုပ်နေမှုနှင့်ဘေးထွက်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ဇွန်လ ၅ ရက်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းထုတ်ကုန်များထုတ်လုပ်မှုနှင့် ရောင်းချမှုအဖွဲ့ဥက္ကဋ္ဌ H.E. Ms. Nadzeya Lazarevich နှင့် အဖွဲ့နှင့်တွေ့ဆုံ၍ ဘယ်လာရုစ်နိုင်ငံမှ လိုအပ်လျက်ရှိသည့် မြန်မာ့ Arabica ကော်ဖီနှင့် ဝါဂွမ်းများ တင်ပို့နိုင်ရေး၊ ဆီမုန်ညင်းစိုက်ပျိုးထုတ်လုပ်ရေး၊ နှစ်နိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးတက္ကသိုလ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက်လယ်ယာသုံးထွန်စက်ကြီးများ သရုပ်ပြပွဲကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ဘယ်လာရုစ် စိုက်ပျိုးရေးတက္ကသိုလ် အပါအဝင် တက္ကသိုလ်လေးခုမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ Student Exchange Program နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများသည် ဇွန်လ ၁ ရက်က ကျင်းပခဲ့သည့် Joint Working Group အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

ဇွန်လ ၈ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ရှေ့နေရှေ့ရပ်လုပ်ငန်းခွင်များအား ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၈

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရည်မှန်းချက်(၃)ပါ သတင်းပို့အဖွဲ့အစည်းများ၏ လွှဲပြောင်းဆောင်ရွက်မှုများစောင့်ကြည့်စစ်ဆေးမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုစနစ်များပိုမိုတိုးတက်လာစေရန် အစီအစဉ်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကြီးကြပ်ရေးအာဏာပိုင်၏ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် AML/CFT ဆိုင်ရာလိုက်နာဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိရှေ့နေရှေ့ရပ်လုပ်ငန်းခွင်ကိုးခုအား ဇွန်လ ၆ ရက်နှင့် ၇ ရက်တို့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးမှုကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးဝင်းကိုကိုနှင့်အတူ တရားလွှတ်တော်ရှေ့နေများကောင်စီဝင် ဦးစိုးသိန်းနှင့်ဒေါ်ခင်နုသာ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင် ရဲမှူးကိုကိုလေးတို့ကဆောင်ရွက်ခဲ့ကြပြီး Luther Law Firm Limited မှ Managing Director Alexander Bohusch၊ Legal Chance Law Firm မှ ဒေါ်နန်းစုမြတ်နိုးထွဋ်၊ SSMT Consultancy Co.,Ltd. မှ ဒေါ်စုစုမြတ်၊ Myanmar Legal Mori Hamda Limited မှ ဒေါ်သစ်သစ်အောင်၊ U Tin Yu & Associated Co.,Ltd. မှ ဒေါ်မေသူဇော်၊ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်ဝင်းပပသိန်း၊ ဒေါ်ခင်ယုမွန်၊ ဦးထိန်လင်းသန်းနှင့် အထက်တန်းရှေ့နေ ဦးအောင်နိုင်စိုးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု

ဥပဒေအရာရှိတစ်ဦး

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရေးတို့ကို နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံမှ ဖော်ဆောင်လျက်ရှိရာ တရားဥပဒေစိုးမိုးရေး(Rule of Law)သည် အဓိကကျသော မောင်းနှင်အားဖြစ်ပါသည်။ ထိုသို့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေအရာရှိများသည် မရှိမဖြစ်အရေးပါသော ကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရန် ပြည်သူလူထုကမျှတသောတရားစီရင်ရေးနှင့် မှန်ကန်သော ဥပဒေစနစ်အပေါ် ယုံကြည်ကိုးစားမှု(Public trust)ရှိခြင်းသည် အထူးလိုအပ်လှသည်။ ပြည်သူ့ယုံကြည်မှုကို တည်ဆောက်ရာတွင် "ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဖြစ်သည်" ဟူသော ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများ၏ စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်စံနှုန်းများ သိရှိနားလည်မှုနှင့် လိုက်နာစောင့်ထိန်းမှုများ မြှင့်တင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူ၏ဥပဒေယုံကြည်ချက်တည်ဆောက်ရာ၌ အခြေခံအကျဆုံးအုတ်မြစ်ဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး)က ပြဋ္ဌာန်းခဲ့သည့် **ဥပဒေအရာရှိကျင့်ဝတ်(Code of Ethics for Law Officers)** သည် အောက်ပါအဓိကရည်ရွယ်ချက်များဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည် -

(၁) ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး အများပြည်သူ ယုံကြည်အားကိုးရသော ဥပဒေအရာရှိများဖြစ်စေရန်၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးကိုဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရာရှိများဖြစ်စေရန်၊

(၃) ဖြောင့်မတ်မှန်ကန်၍ မျှတသောတရားစီရင်ရေးစနစ်ဖြစ်ထွန်းလာစေရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရန်၊

(၄) ပြည်သူလူထု၏အကျိုးစီးပွားကို အဂတိတရားကင်းရှင်းစွာ ဖော်ဆောင်၍ တရားမျှတမှု၊ သာတူညီမျှ ရရှိရေးကို အထောက်အကူပြုသည့် ဥပဒေအရာရှိများဖြစ်စေရန်၊

(၅) အရည်အသွေးနှင့်အရည်အချင်းမြင့်မားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ဥပဒေအရာရှိများဖြစ်စေရန်

ထို့ပြင် ဥပဒေအရာရှိကျင့်ဝတ်(Code of Ethics for Law Officers) တွင် အခြေခံမူများဖြစ်သော (၁) ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှရှောင်ကြဉ်၍ ကိုယ်ကျင့်တရားကောင်းမွန်စွာ ရပ်တည်မည့် ရိုးသားဖြောင့်မတ်ခြင်း(Integrity)၊ (၂) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဩဇာလွှမ်းမိုးမှုမခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် မည်သူ့ကိုမဆို ဘက်လိုက်မှုကင်း၍ တရားမျှတစွာဆောင်ရွက်ခြင်း (Impartiality)၊ (၃) တည်ဆဲဥပဒေများကို လေးစားလိုက်နာ၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ခြင်း(Propriety)၊ (၄) လူမျိုး၊ ဘာသာ၊ လိင်နှင့် ရာထူးအဆင့်အတန်းမခွဲခြားဘဲ တရားဥပဒေ၏အကာအကွယ်ကို အညီအမျှရရှိစေမည့်တန်းတူညီမျှရှိခြင်း(Equality)၊ (၅) မိမိရာထူးနှင့်လျော်ညီသော ပညာရပ်ဆိုင်ရာ ဗဟုသုတကို စဉ်ဆက်မပြတ် လေ့လာရမည့် အရည်အချင်းနှင့် လုံ့လဝီရိယရှိခြင်း(Competence and Diligence)နှင့် (၆) ဌာနတွင်းအပြန်အလှန်လေးစားမှုရှိစွာဖြင့် တရားဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း(Responsibility and Accountability)ဟူသော အဓိကမဏ္ဍိုင်ကြီးများ သတ်မှတ်ထားပြီး ဥပဒေအရာရှိများကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတ၏ "နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်ကို အညီအမျှရရှိစေရမည်" ဟူသည့် လမ်းညွှန်ချက်ကို အထူးအလေးပေးပြီး ယခုအခါ ဥပဒေအရာရှိကျင့်ဝတ်ကို ပိုမိုလေးစားလိုက်နာမှုအားကောင်းစေရေးအတွက် ဥပဒေအရာရှိကျင့်ဝတ်များကို "အသိပညာပေးခြင်း" အဆင့်မှ "လိုက်နာစေရန် ထိန်းကျောင်းဆောင်ရွက်ခြင်း" အဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဥပဒေရေးရာဝန်ကြီးဌာန(Ministry of Legal Affairs – MOLA)သည် ဥပဒေအရာရှိများ၏ ကျင့်ဝတ်လိုက်နာမှု အခြေအနေများကို ပိုမိုအားကောင်းခိုင်မာလာစေရန်ရည်ရွယ်၍ အဆင့်မြင့်အရာရှိကြီးများမှစ၍ အရာရှိငယ်များအထိ ပါဝင်သော **ဥပဒေအရာရှိကျင့်ဝတ်လိုက်နာရေး အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှု**(Interview)များကို မေလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် ဆောင်ရွက်ခဲ့ပါသည်။

၎င်းတွေ့ဆုံမေးမြန်းမှုများမှ ထွက်ပေါ်လာသည့် အဖိုးတန်အမြင်များ၊ သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့် ဥပဒေလောကသားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် အမေးအဖြေပုံစံဖြင့် စိတ်ဝင်စားဖွယ်ထုတ်နုတ်ဖော်ပြပေးလိုက်ရပါသည်။

(၁) ဥပဒေအရာရှိကျင့်ဝတ်များသိရှိနားလည်မှုနှင့် လက်တွေ့ကျင့်သုံးမှု အခြေအနေ

**မေး။ ။ ပထမဦးဆုံးအနေနဲ့ ဥပဒေအရာရှိကျင့်ဝတ်တွေကို စောင့်ထိန်းလိုက်နာမှုပိုမိုအားကောင်းလာစေဖို့ လက်ရှိမှာဝန်ကြီးဌာနအတွင်း အရာရှိတွေ လက်တွေ့ကျင့်သုံးနေတဲ့ နည်းလမ်းတွေကို သိပါရစေ။**

**ဖြေ။ ။** ဟုတ်ကဲ့ပါ၊ လက်ရှိမှာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေအရာရှိကျင့်ဝတ်ရဲ့ရည်ရွယ်ချက်တွေဖြစ်တဲ့ ပြည်သူလူထု ယုံကြည်အားကိုးတဲ့ ဥပဒေအရာရှိများ ဖြစ်စေရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများရဲ့ အခွင့်အရေးကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖြောင့်မတ်မှန်ကန်တဲ့တရားစီရင်ရေးစနစ်ဖြစ်ထွန်းလာစေရေးတို့ကို အဓိကဦးတည်လုပ်ဆောင်နေပါတယ်။ လက်တွေ့ကျင့်သုံးမှုအနေနဲ့ကတော့ ဥပဒေအရာရှိတစ်ဦးချင်းစီရဲ့ ရုံးလုပ်ငန်းခွင်အတွင်း နေ့စဉ်ဆောင်ရွက်ချက်တွေမှာ ကျင့်ဝတ်ပါ အခြေခံမူတွေဖြစ်တဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်းတွေကို အခြေခံဆောင်ရွက်ပါတယ်။ ဥပဒေအကြံဉာဏ်ပေးတဲ့အခါမှာ ခိုင်မာတဲ့အထောက်အထား၊ ဥပဒေပြဋ္ဌာန်းချက်တွေ အပေါ်မှာပဲ မှန်ကန်စွာ စဉ်းစားတွေးခေါ်ပြီး အဂတိတရား ကင်းကင်းနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်တဲ့အလေ့အထကို လက်ဆင့်ကမ်းအကောင်အထည်ဖော်နေကြပါတယ်။

**မေး။ ။ အရင်က အခြေအနေတွေနဲ့နှိုင်းယှဉ်ရင် အခုမျက်မှောက်ခေတ်ကာလမှာ အရာရှိတွေရဲ့ ဥပဒေအရာရှိကျင့်ဝတ်လိုက်နာမှု အဆင့်အတန်း ဘယ်လောက်ထိ တိုးတက်ပြောင်းလဲလာတယ်လို့ သုံးသပ်မိပါသလဲရှင့်။**

**ဖြေ။ ။** အကယ်၍ အရင်ကဥပဒေအရာရှိကျင့်ဝတ်လိုက်နာမှုအဆင့်ကို အဆင့်(၁)ကနေ(၁၀)အတွင်း သတ်မှတ်မယ်ဆိုရင် အရင်ကာလတွေက အဆင့်(၅) ဒါမှမဟုတ် (၆)ဝန်းကျင်မှာရှိခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနရဲ့ စဉ်ဆက်မပြတ် ကြိုးကြပ်မှု၊ သင်တန်းတွေပေးနိုင်မှုကြောင့် အခုအချိန်မှာတော့ အဆင့်(၉)ဝန်းကျင်အထိသိသိသာသာတိုးတက်ပြောင်းလဲလာတယ်လို့ ယူဆပါတယ်။ အထူးသဖြင့် အရာရှိငယ်တွေကြားထဲမှာ မိမိတို့ရဲ့ဂုဏ်သိက္ခာ၊ ဝန်ကြီးဌာနရဲ့ပုံရိပ်အတွက်မဖြစ်မနေလိုက်နာရမယ်ဆိုတဲ့ အသိစိတ်ဓာတ်ပိုမိုမြင့်မားလာတာကို တွေ့ရပါတယ်။

(၂) လုပ်ငန်းခွင်တွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုင်ရာ တိုးတက်ပြောင်းလဲလာသည့်အခြေအနေ

**မေး။ ။ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ အချက်အလက်တွေထဲမှာ ဥပဒေအရာရှိတွေအနေနဲ့ ဘယ်အချက်တွေကို ပိုပြီးအလေးထားလိုက်နာကြတာကို တွေ့ရပါသလဲ။**

**ဖြေ။ ။** အဓိကတွေ့ရတာကတော့ အခြေခံမူ(၆)ချက်ထဲက **"ရိုးသားဖြောင့်မတ်ခြင်း"** နဲ့ **"တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း"** အချက်တွေကို ပိုမိုအလေးထားလာကြပါတယ်။ "ရိုးသားဖြောင့်မတ်ခြင်း" အခြေခံမူပါ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊ ရာထူးနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုခြင်း၊ ရုံးတံဆိပ်၊ အမှတ်အသားများကို အလွဲသုံးစားမပြုခြင်း၊ ရုံးအသုံးအဆောင်၊ ဌာနပိုင်ပစ္စည်းများကို မိမိပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ရာထူးအဆင့်နဲ့လျော်ညီစွာ ပြောဆိုကျင့်ကြံနေထိုင်ခြင်းတွေကို အရာရှိကြီးတွေကရော အရာရှိငယ်တွေကပါ အထူးဂရုပြုဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ထို့ပြင် **"တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း" ဆိုတဲ့အတိုင်း မိမိကိုပေးအပ်လာတဲ့ တာဝန်ကို ဌာနရဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ လျှို့ဝှက်ချက်များ မပေါက်ကြားအောင် ထိန်းသိမ်းပြီး တာဝန်ယူဆောင်ရွက်ခြင်း၊ ဒီလိုဆောင်ရွက်ရာမှာဖြစ်ပေါ်လာတဲ့ အကောင်းအဆိုးကိုလည်း တာဝန်ခံမှုရှိစွာဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်နေကြပါတယ်။**

(၃) စိန်ခေါ်မှုများနှင့် တားဆီးကာကွယ်ရေးယန္တရားများ

**မေး။ ။ ဥပဒေအရာရှိကျင့်ဝတ်ဖောက်ဖျက်မှုတွေကို ထိထိရောက်ရောက် ဟန့်တားနိုင်ဖို့ လက်ရှိစစ်ဆေးအရေးယူနေတဲ့ စနစ်အပြင် နောက်ထပ်ဘာတွေဖြည့်စွက်လုပ်ဆောင်သင့်တယ်လို့ မြင်ပါသလဲ။**

**ဖြေ။ ။** လက်ရှိစစ်ဆေးအရေးယူမှုတွေက ထိရောက်မှုရှိသလို နောက်ထပ်ဖြည့်စွက်ရမှာကတော့ တိုင်ကြားစာတွေအပေါ် လျင်လျင်မြန်မြန်နဲ့ ဘက်လိုက်မှုကင်းကင်းစုံစမ်းစစ်ဆေးမယ့် အမြဲအခိုကင်းတဲ့ ကော်မတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု ပိုမိုအားကောင်းလာဖို့ ဖြစ်ပါတယ်။ တိုင်ကြားသူကို လုံခြုံမှုရှိစေဖို့ နည်းလမ်းတွေ၊ မမှန်မကန်တိုင်ကြားရင်လည်း အရေးယူမယ့်နည်းလမ်းတွေထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြစ်ဒဏ်ပေးတာ သက်သက်တင်မဟုတ်ဘဲ မဖောက်ဖျက်မိအောင် ကြိုတင်တားဆီးတဲ့(Preventive measures) အနေနဲ့ ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲတွေကို ပုံမှန်လုပ်ပေးဖို့ လိုအပ်ပါတယ်။

> ➲ "တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း" ဆိုတဲ့အတိုင်း မိမိကိုပေးအပ်လာတဲ့ တာဝန်ကို ဌာနရဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ လျှို့ဝှက်ချက်များ မပေါက်ကြားအောင် ထိန်းသိမ်းပြီး တာဝန်ယူဆောင်ရွက်ခြင်း၊ ဒီလိုဆောင်ရွက်ရာမှာဖြစ်ပေါ်လာတဲ့ အကောင်းအဆိုးကိုလည်း တာဝန်ခံမှုရှိစွာဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်နေကြ . . .

**မေး။ ။ လုပ်ငန်းခွင်အတွင်းမှာ ဥပဒေအရာရှိကျင့်ဝတ်နဲ့ မညီညွတ်တဲ့ လုပ်ဆောင်မှုတွေ တွေ့ရှိခဲ့ရင် ဒါမှမဟုတ် သိရှိခဲ့ရင် ဘယ်လိုပုံစံမျိုးနဲ့ အသိပေးတိုင်ကြားတာက ပိုပြီးထိရောက်မှုရှိမယ်လို့ ယူဆပါသလဲ။**

**ဖြေ။ ။** အလုပ်ခွင်မှာ ကျင့်ဝတ်ပျက်ယွင်းတာတွေ့ရင် အမည်မဖော်လိုတဲ့ လျှို့ဝှက်တိုင်ကြားနိုင်တဲ့ စနစ်(Confidential Reporting/ Whistleblowing system) က အထိရောက်ဆုံး ဖြစ်ပါလိမ့်မယ်။ တိုင်ကြားသူရဲ့ လုံခြုံရေးကို ရာနှုန်းပြည့် အာမခံချက်ပေးနိုင်မယ်ဆိုရင် ပိုပြီးပွင့်လင်းမြင်သာလာမှာဖြစ်သလို ဝန်ကြီးဌာနရဲ့အွန်လိုင်း Complaint Portal တွေကတစ်ဆင့် တိုက်ရိုက်အသိပေးနိုင်တဲ့ ပုံစံမျိုးက ပိုမိုထိရောက်မြန်ဆန် စိတ်ချရပါလိမ့်မယ်။

(၄) မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

**မေး။ ။ ဥပဒေရေးရာဝန်ကြီးဌာနဟာ ရဲတပ်ဖွဲ့၊ တရားရုံးစတဲ့ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ကိုင်ရတာ ဖြစ်ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့အခါ ဥပဒေအရာရှိတွေဘက်က ဥပဒေအရာရှိကျင့်ဝတ်ကို တိတိကျကျလိုက်နာခြင်းအားဖြင့် ဌာနအချင်းချင်းယုံကြည်မှုနဲ့ လေးစားမှုကို ဘယ်လိုတိုးတက်ကောင်းမွန်လာစေနိုင်မလဲ။**

**ဖြေ။ ။** အဓိကကတော့ ဥပဒေအရာရှိတွေဘက်က ဥပဒေအရာရှိကျင့်ဝတ်ကို စံပြအနေနဲ့လိုက်နာပြခြင်းအားဖြင့် အခြားမိတ်ဖက် အဖွဲ့အစည်းတွေဖြစ်တဲ့ တရားစွဲအဖွဲ့အစည်းနဲ့ တရားရုံးတွေကပါ အပြန်အလှန်လေးစားမှု ပိုရှိလာမှာပါ။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ရပ်တည်ပြမယ်ဆိုရင် အပြန်အလှန်ယုံကြည်မှု(Mutual Trust) တိုးတက်လာပြီး လုပ်ငန်းကိစ္စတွေ ပိုမိုချောမွေ့မြန်ဆန်လာမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၄ သို့ ●

● စာမျက်နှာ ၁၃ မှအဆက်

(၅) မျိုးဆက်သစ်ဥပဒေအရာရှိများ၏ သဘောထားနှင့်မျှော်လင့်ချက်များ

**မေး။ ။ အခုလို တွေ့ဆုံမေးမြန်းမှုတွေထဲမှာ ဝန်ကြီးဌာနရဲ့ အနာဂတ်ကို ပုံဖော်ကြမည့် မျိုးဆက်သစ်အရာရှိငယ်တွေရဲ့ ဥပဒေအရာရှိကျင့်ဝတ်အပေါ် နားလည်သဘောပေါက်မှုက ဘယ်လိုရှိပါသလဲ။**

**ဖြေ။ ။** ဟုတ်ကဲ့ပါ၊ အရာရှိငယ်တွေကတော့ ဥပဒေအရာရှိကျင့်ဝတ်နဲ့ ပတ်သက်ပြီး နားလည် သဘောပေါက်မှုအားကောင်းကြတာကိုတွေ့ရပါတယ်။ သူတို့အနေနဲ့ အလွတ်ကျက်မှတ်ရုံတင်မဟုတ်ဘဲ လက်တွေ့လုပ်ငန်းခွင်မှာ ကိစ္စရပ်တွေကြုံလာရတဲ့အခါ ဥပဒေအရာရှိကျင့်ဝတ်ကို အခြေခံပြီး ရိုးသားဖြောင့်မတ်စွာနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ ဆောင်ရွက်လိုကြတာ တွေ့ရပါတယ်။

**မေး။ ။ ဒါဆိုရင် လက်ရှိလုပ်ငန်းခွင်အတွင်းမှာ ဥပဒေအရာရှိကျင့်ဝတ်စောင့်ထိန်းမှု အားကောင်းလာစေဖို့အတွက် ဘယ်လိုအချက်တွေကို ပံ့ပိုးပေးစေချင်ကြောင်း အကြံပြုထားတာမျိုးရှိပါသလဲရှင့်။**

**ဖြေ။ ။** အရာရှိငယ်တွေက လုပ်ငန်းခွင်မှာ လမ်းညွှန်မှုပေးနိုင်မယ့် အုပ်ထိန်းမှုစနစ်ကို လိုလားကြပါတယ်။ အတွေ့အကြုံရင့် စီနီယာအရာရှိကြီးတွေရဲ့ လက်တွေ့လုပ်ငန်းခွင်အတွင်း ဥပဒေအရာရှိကျင့်ဝတ်နဲ့အညီ စံပြနေထိုင်ဆုံးဖြတ်ပြမှုတွေကိုနမူနာယူပြီး ကျင့်ဝတ်ပိုင်းဆိုင်ရာ လမ်းမှန်ရောက်စေဖို့ အနီးကပ်လမ်းညွှန်ပေးစေချင်ကြပါတယ်။ ဒ့ါပြင် ဥပဒေအရာရှိကျင့်ဝတ်စောင့်ထိန်းလိုက်နာမှုအားကောင်းလာစေဖို့ အထက်အောက်အပြန်အလှန် အကဲဖြတ်ခြင်းကို ဆောင်ရွက်သင့်ကြောင်းလည်း ဖြေကြားကြပါတယ်ရှင့်။ ဒီလိုအပြန်အလှန်အကဲဖြတ်တဲ့အခါ လုပ်ငန်းခွင်မှာ မလိုလားအပ်တဲ့ အဆင်မပြေမှုတွေမဖြစ်စေဖို့ စနစ်တကျနဲ့ ပြုပြင်ပြောင်းလဲရေးကိုသာဦးတည်ပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥပဒေရေးရာဝန်ကြီးဌာန၏ အဆင့်ဆင့်သော ဥပဒေအရာရှိများနှင့် ပြုလုပ်ခဲ့သည့် ဤတွေ့ဆုံမေးမြန်းမှုသည် ဝန်ကြီးဌာန၏ ထူးခြားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာကို မြှင့်တင်ခြင်းသည် ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးကို မြှင့်တင်ခြင်းသာမကဘဲ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ပေးနေခြင်းလည်းဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းမှုများအပေါ် စနစ်တကျကောက်ယူခဲ့သော အခြေခံအချက်အလက်(Baseline Data) လေ့လာဆန်းစစ်ချက်များအရ ဥပဒေအရာရှိများသည် မိမိတို့၏ ဥပဒေအရာရှိကျင့်ဝတ်စောင့်ထိန်းမှု အခြေအနေကို ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပိုမိုနားလည်သဘောပေါက်ပြီး ကောင်းမွန်စွာ မြှင့်တင်လာနိုင်ကြောင်း တွေ့ရှိရသည်။ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့်အမှုလိုက်လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် နစ်နာသူတို့ဥပဒေအရ ရထိုက်ခွင့်ရှိသော အခွင့်အရေးများ မဆုံးရှုံးစေရေးတို့အတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများတွင်လည်း ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ အဂတိလိုက်စားမှုမှ ရှောင်ကြဉ်ခြင်းဖြင့် အမှန်တရားပေါ်ပေါက်စေပြီး အများပြည်သူက ယုံကြည်ကိုးစားမှုရရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အမှန်စင်စစ် ဥပဒေအရာရှိတစ်ဦး၏ ကျင့်ဝတ်စောင့်ထိန်းမှုသည် လုပ်ငန်းခွင်အတွင်း၌သာမက ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းလုပ်ကိုင်ရာတွင်လည်း ဝန်ကြီးဌာန၏ပုံရိပ်ကို အဆုံးအဖြတ်ပေးသည့်အရာဖြစ်သည်။ အထူးသဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း၊ ရဲတပ်ဖွဲ့၊ တရားရုံး၊ အကျဉ်းဦးစီးဌာန စသည့် ဆက်စပ်မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောအရ ညှိနှိုင်းဆောင်ရွက်ရာတွင်လည်းကောင်း ဥပဒေအရာရှိကျင့်ဝတ်ကို တိကျစွာလိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဥပဒေအရာရှိများက မိမိတို့၏ကျင့်ဝတ်ကို ခိုင်မာစွာရပ်တည်ပြခြင်းကြောင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်များနှင့် ဥပဒေအကြံပြုချက်များအပေါ် ယုံကြည်မှုနှင့် လေးစားမှုမှာ ယခင်ကထက်ပိုမိုမြင့်မားလာပြီး ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုစနစ်ကျ အားကောင်းလာစေခဲ့သည်။

သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၏ အမြော်အမြင်ရှိသော လမ်းညွှန်မှု၊ ဥပဒေရေးရာဝန်ကြီးဌာနရှိ အဆင့်မြင့်အရာရှိကြီးများ၏ ကြီးကြပ်မှု၊ အရာရှိငယ်များ၏ တက်ကြွပြီး ဖြောင့်မတ်သော အသိစိတ်ဓာတ်များပေါင်းစပ်၍ ကျင့်ဝတ်သိက္ခာအပြည့်ဖြင့် လျှောက်လှမ်းလျက်ရှိသည့် "တရားဥပဒေစိုးမိုးရေး" ဆောင်ရွက်မှုခရီးလမ်း (Moving forwards to the Rule of Law)သည် ပြည်သူများ ယုံကြည်အားကိုးရာပန်းတိုင်သို့ မုချကေန်ဆိုက်ရောက်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ



တပ်မတော်(ရေ)မှအရာရှိကြီးများနှင့်တာဝန်ရှိသူများက လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် လာအိုပြည်သူ့တပ်မတော်၏စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၂ ရက်ထိ ၅ ရက်ကြာ နေထိုင်၍ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၈

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း(၈) သင်းဖြင့် ဇွန်လ ၂၅ ရက်အထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

# သီရိမင်္ဂလာဈေး၌ ဒူးရင်းသီးများ အရောင်းသွက်

ရန်ကုန် ဇွန် ၈

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေး၌ ဒူးရင်းသီးများ လက်လီ၊ လက်ကားရောင်းချလျက်ရှိရာ ဝယ်ယူစားသုံးမှုများသည့်အတွက် ဒူးရင်းသီးများ အရောင်းသွက်နေကြောင်း သိရသည်။

"စားသုံးသူများတဲ့အတွက် ဒီနှစ်လည်း ရောင်းအားကောင်းတယ်။ မြန်မာမျိုး၊ ထိုင်းမျိုးရှိပေမယ့် စားသုံးသူက သူ့အကြိုက်နဲ့ သူမို့ အကုန်ရောင်းရပါတယ်။ နယ်တွေက အမှာတွေကို အများဆုံးတင်ပို့ရောင်းချနေရပါတယ်" ဟု သီရိမင်္ဂလာဈေး ဒူးရင်းသီးဒိုင်မှ ဦးမောင်ထွန်းက ပြောသည်။



မြန်မာနိုင်ငံတွင် ဒူးရင်းသီးကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ အဓိက စိုက်ပျိုးထွက်ရှိပြီး စားသုံးသူ ဈေးကွက်တွင် မြန်မာ့ဒူးရင်းအပြင် ထိုင်းဒူးရင်းသီးများကိုလည်း ဝယ်ယူစားသုံးကြသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ လှည်းကူး၊ မှော်ဘီ၊ ကော့မှူး၊ တွံတေးတို့တွင်လည်း ဒူးရင်းသီး စိုက်ပျိုးမှုရှိပြီး ဝယ်လိုအားများသော စီးပွားဖြစ် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် ယခုမိုးရာသီတွင် တိုက်ကြီးမြို့နယ် ဥက္ကံတွင် တိုးချဲ့စိုက်ပျိုးမှုရှိကြောင်း ရန်ကုန်မြို့ ဒူးရင်းအစုအဖွဲ့မှ သိရသည်။

ဒူးရင်းသီးသည် အပူဓာတ်များသည့် အသီးအနှံဖြစ်သည့်အတွက် ဒူးရင်းသီးနှင့် မင်းကွတ်သီးကို တွဲဖက်စားသုံးခြင်းဖြင့် အပူကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးထွက်ဆိုးကျိုးကို ကာကွယ်နိုင်ကြောင်း သိရသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ - ဇွဲမာန်**

MWD Variety Channel

၉-၆-၂၀၂၆(အင်္ဂါနေ့)

၁။ ၁၀:၄၀ ကျန်းမာသောဘဝ

၂။ ၁၁:၃၅ ဖတ်ပါ မှတ်ပါ လေ့လာပါ

၃။ ၁၂:၃၅ စကားလက်ဆုံ

၄။ ၁၆:၂၀ ဥပဒေမှတ်စု

◆ စာမျက်နှာ ၁၇ မှအဆက်

ယခုကဲ့သို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၇၆)နှစ်မြောက်အခါသမယတွင် မိမိတို့နှစ်နိုင်ငံ၏ပြည်သူများအတွက် ရေရှည်တည်တံ့သည့်ဘုံအကျိုးစီးပွားနှင့်ဒေသတွင်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ–တရုတ် အနာဂတ်အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့အတွက်ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံသည် ရေမြေတောတောင်ချင်း ထိစပ်နေရုံတင်မကဘဲ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုပိုင်းတွင်လည်း အလွန်နက်ရှိုင်းသည့်တူညီချက်များရှိကြကြောင်း၊ မိမိတို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကိုအခြေခံပြီး စိတ်ချင်းနီးစပ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၊ ပေကျင်းမြို့လင်ကွမ်းစီကျောင်းတိုက်က **"စွယ်တော်မြတ်"**ကို မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့သည်မှာ နှစ်နိုင်ငံ ပြည်သူများ၏သဒ္ဓါတရားနှင့် စိတ်ဝိညာဉ်ကိုတစ်သားတည်းဖြစ်စေခဲ့သည့် သမိုင်းဝင်သာဓကများဖြစ်ကြောင်း။

ထို့ပြင် ရုပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်ကဏ္ဍမှကြည့်မည်ဆိုပါကလည်း ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပုဂံက ကမ္ဘာ့အမွေအနှစ် **"သဗ္ဗညုဘုရားကြီး"** ကို တရုတ်နိုင်ငံ၏ နည်းပညာ၊ ရန်ပုံငွေများဖြင့် ပူးပေါင်းပြုပြင်ထိန်းသိမ်းနေခြင်းသည် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားကြသည်ကို ညွှန်းပြနေခြင်းပင်ဖြစ်ကြောင်း။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကဏ္ဍကိုကြည့်မည်ဆိုပါကလည်း အစောပိုင်းကာလများဖြစ်သည့် ခရစ်နှစ် (၈၀၂) ခုနှစ်က တရုတ်နိုင်ငံကို ရောက်ရှိခဲ့သည့် ပျူဂီတအနုပညာသံတမန်အဖွဲ့မှအစ ယခုအချိန်ထိ မြန်မာ–တရုတ်ချစ်ကြည်ရင်းနှီးမှုကို အနုပညာကဏ္ဍနှင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

ရုပ်ရှင်မပေါ်ခင်ကာလများမှ ခေတ်အဆက်ဆက်ကတည်းက နှစ်နိုင်ငံအကြား စာပေနှင့် ဂီတသဘင်ကဏ္ဍများမှတစ်ဆင့် ပြည်သူများအကြား အပြန်အလှန် စီးဆင်းပေါင်းစည်းခဲ့ကြကြောင်း၊ တရုတ်နိုင်ငံ၏ လေးနက်လှသည့် ဂန္ထဝင်ဝတ္ထုကြီးများ၊ တရုတ်ရိုးရာစစ်ဗျူဟာများ၊ သစ္စာတရားများကို မြန်မာ့စာပေလောက၌ ဘာသာပြန်ဖတ်ရှုကြရသည့်အတွက် ယနေ့ထက်ထိ ရှင်သန်နေဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ စာပေ၊ ဂီတ၊ အနုပညာအခြေခံအုတ်မြစ်များခိုင်မာခဲ့သည့်အစဉ်အလာကြောင့်ပင် ယနေ့ခေတ်ရုပ်ရှင်ကဏ္ဍ၌ ပိုမိုကျယ်ပြန့်သည့်ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး အနုပညာဆိုင်ရာပူးပေါင်းရိုက်ကူးထုတ်လုပ်မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ယူနန်ရုပ်ရှင်နှင့်သတင်းဌာနတို့ပူးပေါင်းပြီး **"ဒဏ္ဍာရီထဲကတေးကဗျာ"** ဇာတ်လမ်းတွဲကို ရိုက်ကူးပြသခဲ့ကြရာ နှစ်နိုင်ငံပြည်သူများက ကြိုက်နှစ်သက်ခဲ့ကြသည်ဟုသိရကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုမှတစ်ဆင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုအောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ကြကာ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မာစေခဲ့ကြောင်း။

နှစ်နိုင်ငံ ရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် မြန်မာ့ရှေးဟောင်း ရုပ်ရှင်ဇာတ်ကားဖြစ်သည့် **"ငဘ"** အပါအဝင် ရှေးဟောင်းအမွေအနှစ် မြန်မာရုပ်ရှင်ဇာတ်ကားတွေကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်အောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး၏ကူညီဆောင်ရွက်ပေးမှုနှင့် ဖလင်ပုံစံအစားဒစ်ဂျစ်တယ်နည်းပညာသုံးရုပ်ရှင်ဇာတ်ကား(DCP, Digital Cinema Package) ပုံစံအဖြစ်လက်ခံရရှိပြီးဖြစ်သည်ဟု သိရကြောင်း။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရုပ်ရှင်ပွဲတော်များ၌ မြန်မာရုပ်ရှင်ဇာတ်ကားများပေးပို့ပြသနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်များနှင့်အနုပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း၊ ယခုတွင်လည်း နှစ်နိုင်ငံရုပ်သံဇာတ်လမ်းတွဲများကို နိုင်ငံအလိုက်ဘာသာပြန်ပြီး အပြန်အလှန်ထုတ်လွှင့်ပေးနေသည်ဟု သိရကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်တွင်ပြသသွားမည့် တရုတ်ရုပ်ရှင်ဇာတ်ကားကောင်းများသည် မြန်မာပြည်သူများကို တရုတ်နိုင်ငံ၏ ခေတ်သစ်လူနေမှုဘဝ၊ တိုးတက်မှု ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အလှတရားများကို ပိုမိုနားလည်သဘောပေါက်စေမည်ဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏အိပ်မက်များ၊ မျှော်လင့်မှုများထဲတွင် တရုတ်ရုပ်သံဇာတ်လမ်းတွဲများသည် နှစ်ပေါင်းများစွာနေရာယူနိုင်ခဲ့ကြောင်း၊ ကြည့်ရှုကြသည့် နှစ်နိုင်ငံပြည်သူများ ခံစားချက်ချင်းတူညီမှုကနေတစ်ဆင့် စစ်မှန်သည့်သံယောဇဉ်၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

ယခုရုပ်ရှင်ပြပွဲအစီအစဉ်ကို ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်တကွ တရုတ်သံတမန်များ၊ အစီအစဉ်ဖြစ်မြောက်အောင် အဘက်ဘက်က ကူညီပံ့ပိုးပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဌာနအသီးသီးကတာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ ရုပ်ရှင်ပြပွဲအစီအစဉ်ကဲ့သို့ ဆောင်ရွက်မှုများသည် မြန်မာ–တရုတ် နှစ်နိုင်ငံပြည်သူချင်းဆက်ဆံရေးကို မြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ အနုပညာ၏အစွမ်းနှင့် နှစ်နိုင်ငံပြည်သူများ၏ စိတ်နှလုံးချင်းပေါင်းစည်းပြီး သမိုင်းဝင်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မျိုးဆက်သစ်များအထိတိုင်အောင် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်းကိုလည်း ယုံကြည်မိကြောင်း။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၆) နှစ်မြောက်အခါသမယတွင် အထိမ်းအမှတ်အဖြစ် ယနေ့ကျင်းပပြုလုပ်သည့် **"၂၀၂၆ ခုနှစ်တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်"** မှသည် နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်ပြီး မြန်မာ–တရုတ် ချစ်ကြည်ရေး ထာဝရအဓွန့်ရှည်တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ်ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ ယနေ့ ကြွရောက်လာကြသည့် ဧည့်သည်တော်များအားလုံး၊ နှစ်နိုင်ငံပြည်သူများအားလုံး ကျန်းမာရွှင်လန်းပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖြင့်ပြောကြားသည်။

၎င်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ရုပ်ရှင်ပြပွဲနှင့်ပတ်သက်၍ပြောကြားရာတွင် ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင်ကျင်းပရန်အထူးရွေးချယ်ခဲ့ခြင်းမှာ ရုပ်ရှင်အလင်းအမှောင်စွမ်းအားကိုအသုံးပြု၍ လွန်ခဲ့သော (၇၆) နှစ်တာကာလအတွင်း အေးအတူပူအမျှ အခက်အခဲများကို အတူကျော်ဖြတ်ကာ ပိုမိုခိုင်မြဲလာခဲ့သည့်တရုတ်–မြန်မာဆက်ဆံရေးကို အတူတကွ ဂုဏ်ပြုဦးညွှတ်ရန်ဖြစ်သကဲ့သို့ (၇၆) နှစ်တိုင်တိုင် အပြန်အလှန်စောင့်ရှောက်ကူညီပြီး ဒုက္ခသုခအတူမျှဝေခဲ့ကြသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို လက်ဆင့်ကမ်းသွားရန်အတွက်လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမှုရေးစနစ် မတူညီသော်လည်း တရုတ်နိုင်ငံသစ်ကို ပထမဆုံးအသိအမှတ်ပြုခဲ့သည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံ၏ အမျိုးသားငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် တည်ငြိမ်ရေးတို့အတွက် အမြဲတစေ ထောက်ခံအားပေးခဲ့ပါကြောင်း၊ တရုတ်–မြန်မာ နှစ်နိုင်ငံက ပူးတွဲအဆိုပြုခဲ့ကြသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်သည် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံစံနှုန်း ဖြစ်လာခဲ့ပါကြောင်း။

ရုပ်ရှင်ဆိုသည်မှာ ဘာသာစကားနှင့်ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်သည့် အနုပညာတစ်ခုဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ် တရုတ်နိုင်ငံအမျိုးသားနေ့ကာလအတွင်း ပေကျင်းမြို့၌ "မြန်မာ့ယဉ်ကျေးမှုရက်သတ္တပတ်"ကိုကျင်းပခဲ့ပြီး ၁၉၆၁ ခုနှစ် မြန်မာ့လွတ်လပ်ရေးနေ့ကာလအတွင်း၌လည်း ရန်ကုန်မြို့၌ "တရုတ်ရုပ်ရှင်ရက်သတ္တပတ်"ကို ကျင်းပခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ နှစ်နိုင်ငံ ရုပ်ရှင်ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်မှုနှင့်ဖလှယ်မှုများကို ပြုလုပ်ခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့်ချစ်ကြည်ရေးကိုတိုးမြှင့်ရာ၌ တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါကြောင်း။

ယခုကျင်းပပြုလုပ်သည့် "တရုတ်ရုပ်ရှင်ရက်သတ္တပတ်" မှတစ်ဆင့် မြန်မာပရိသတ်များအနေဖြင့် သဘာဝကျပြီး စုံလင်လှသော တရုတ်နိုင်ငံကို သိရှိနားလည်နိုင်လိမ့်မည်ဟုမျှော်လင့်ပါကြောင်းနှင့် တရုတ်နိုင်ငံသို့ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာရန်လည်းဖိတ်ခေါ်ပါကြောင်း၊ ထိုသို့ ကူးလူးဆက်ဆံခြင်းဖြင့် တရုတ်–မြန်မာဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုနက်ရှိုင်းစေကာ နှစ်ဦးနှစ်ဖက် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အောင်မြင်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးမှုအတွက်နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး၊ အဖွဲ့ဝင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်၊ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်–မြန်မာနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ခြင်း(၇၆)နှစ်မြောက် အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ် ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်" ဆိုင်ရာ ဗီဒီယိုနှင့် မေတ္တာစမ်းရေ (Lighting Up the Stars) ရုပ်ရှင်အား ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားအပြီးတွင်နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်းသတင်းရရှိသည်။

မြဝတီ

## တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဇွန် ၈

တောင်ငူဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တောင်ငူဒေသအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းအကြံပြုတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၁၀)

## လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးနေမှုနှင့် Unique ID နံပါတ်ထုတ်ပေးနေမှုအား လှည့်လည်ကြည့်ရှု

ထားဝယ် ဇွန် ၈

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးနေမှုနှင့် Unique ID နံပါတ်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး နေ့ချင်းပြီးဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်UIDကတ်ပြားများကိုကာယကံရှင်များထံလက်ဝယ်အရောက် ပေးအပ်သည်။

လမင်းစီမံချက်ဖြင့် အသက် ၁၈ နှစ်ပြည့်သော်လည်းအကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်မရရှိသေးသူများအား ဆောင်ရွက်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်ခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူ၍UID ကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ ကျောဖုံးမှအဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သတင်းမီဒီယာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်သီတင်းပတ်"ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရလက်မှတ်ရေးထိုးကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် China Media Group – CMG မှ သတင်းထောက် Ms.Zhang Xiaoning ၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် ၂၀၂၆ ခုနှစ်တရုတ်ရုပ်ရှင်သီတင်းပတ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရလက်မှတ်ရေးထိုးကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက အမှတ်တရလက်မှတ်များ အသီးသီးဆက်လက်ရေးထိုးကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ်တရုတ်ရုပ်ရှင်သီတင်းပတ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် China Media Group – CMG မှ သတင်းထောက်ဖြစ်သူ Ms.Zhang Xiaoning ၏ သိရှိလိုသည့် မေးမြန်းမှုများနှင့်ပတ်သက်၍ လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံကို ယခုကဲ့သို့ဖော်ပြလိုက်ရပါသည် –

နိုင်ငံတော်သမ္မတက "သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအစီအမံနဲ့ဆက်စပ်ပြီးတော့ ဒီလိုရုပ်ရှင်ပွဲတော်တွေကို မြန်မာနိုင်ငံမှာ လာလုပ်တာပါ။ ဒါကတော့ တရုတ်နိုင်ငံရဲ့ယဉ်ကျေးမှု၊ အနုပညာ၊ အနုသုခုမကိစ္စရပ်တွေကို မြန်မာပြည်သူတွေနဲ့ ရင်းနှီးမှုကိုဖြစ်စေပါတယ်။ မြန်မာပြည်သူတွေနဲ့ တရုတ်နိုင်ငံနဲ့ ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အများကြီး အထောက်အကူရမှာဖြစ်ပါတယ်။

"နောက်တစ်ခုက ရုပ်ရှင်ဆိုတာ သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်ပညာနဲ့ ရုပ်ရှင်အတတ်ပညာ အကုန်လုံးပါတယ်။ တရုတ်နိုင်ငံကထုတ်လုပ်တဲ့ ရုပ်ရှင်ကားတွေကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံရဲ့ ရုပ်ရှင်အတတ်ပညာနဲ့ သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်မှုတွေကို ခန့်မှန်းပြီးတော့ မြန်မာနဲ့ တရုတ်ရဲ့ ရုပ်ရှင်ပိုင်းဆိုင်ရာ၊ အနုပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုပြီးမြှင့်တင်ဆောင်ရွက်နိုင်မယ်။ အဲဒါဆိုရင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကိုလည်း များစွာ အထောက်အကူပြုတယ်လို့ ပြောချင်ပါတယ်။

"BRI ကတော့ ကမ္ဘာလုံးဆိုင်ရာ အထောက်အကူပြုနေတဲ့ စီမံချက်တစ်ခုပါ။ အဲဒီမှာ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ တစ်ခုရှိတယ်။ အဲဒီစင်္ကြံကလည်း BRI ကနေ ပေါ်ပေါက်လာတဲ့ အစိတ်အပိုင်းတစ်ခုပါ။ ဒါတွေက ပူးပေါင်းဆောင်ရွက်တဲ့အခါ များစွာအထောက်အကူပြုတယ်။ လက်တွေ့အကျိုးခံစားနေရတာတွေလည်း ရှိပါတယ်။

"နောက်တစ်ခုက ခုနက စပြောခဲ့တဲ့ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအခြေအနေ အပေါ်မှာလည်း အများကြီးအထောက်အကူပြုတယ်။ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ နောက်ထပ်လည်း ကူးသန်းရောင်းဝယ်မှုဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တွေ၊ သိပ္ပံနဲ့နည်းပညာနယ်ပယ်တွေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ၊ ကဏ္ဍတွေအများကြီးရှိတယ်။ လုပ်စရာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ နိုင်ငံအတွက် အများကြီးအထောက်အကူရမယ့်ဟာတွေ တွေ့ရတယ်။

"ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း ဒီကဏ္ဍတွေအားလုံးကို တိုးချဲ့ဆောင်ရွက်သွားဖို့ဆန္ဒရှိကြောင်း ပြောလိုပါတယ်။ စောစောက ကျွန်တော်ပြောသလို ကျွန်တော်တို့စတင်ပြီး သံတမန်ဆက်ဆံမှု ၇၆ နှစ်ပြည့်၊ သံတမန်ဆက်ဆံမှုက ၇၆ နှစ်ပြောပေမယ့် နှစ်နိုင်ငံဆက်ဆံမှုကတော့ နှစ်ပေါင်းရာနဲ့ထောင်နဲ့ချီရှိခဲ့ပြီ။ ဒါကြောင့် ဒီဆက်ဆံရေးကို ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိတယ်လို့ ပြောတာပါ။

"အဲဒီကနေ ၂၀၁၁ ခုနှစ်မှာ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးနိုင်ငံအဖြစ် ပြောင်းလဲခဲ့တာပါ။ အခုတစ်ခါ ထပ်ပြီး သမ္မတရှီကျင့်ဖျင် ၂၀၂၀ ခရီးစဉ်ကစပြီး အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ဖို့ဆိုပြီး သဘောတူထားခဲ့တာရှိတယ်။

"အေးအတူ ပူအမျှဆိုတာက တစ်ယောက်နဲ့ တစ်ယောက် အတူတကွ တူညီတဲ့အကျိုးခံစားမှုရှိအောင်လုပ်ကြတာပါ။ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု ဒါမှမဟုတ် တည်ငြိမ်အေးချမ်းမှု ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ အသီးအပွင့်တွေရှိလာရင် တရုတ်နိုင်ငံက ဒီဟာကို ခံစားရတယ်။ ဒီလိုပဲ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုတွေရှိလာတဲ့အခါ မြန်မာနိုင်ငံက အဲဒီအကျိုးကို ခံစားရတာပါ။ အဲဒါက အေးအတူပူအမျှပဲ။ ဒါကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်ဆောင်ရွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့အစိုးရတက်လာတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရကလည်း တရုတ်–မြန်မာ ဆက်ဆံရေးမှာ အေးအတူပူအမျှ ရှိတဲ့အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမယ်လို့ရည်မှန်းပြီး ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် တရုတ်–မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်" ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်သည် ဖျော်ဖြေမှုသက်သက်သာမကဘဲ ပြည်သူများ၏ စိတ်နှလုံးချင်းပေါင်းစည်းဖို့၊ ခံစားမှုရသချင်းနီးစပ်ဖို့နှင့် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် **"ဆွေမျိုးပေါက်ဖော်"** ချစ်ကြည်ရင်းနှီးမှုကို အခွန့်ရှည်တည်တံ့ရန် ချိတ်ဆက်ပံ့ပိုးပေးမည့် ယဉ်ကျေးမှုပေါင်းကူးတံတားတစ်စင်းလည်းဖြစ်ကြောင်း။

မြန်မာ–တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှစတင်ပြီး ခေတ်အဆက်ဆက်

❖ **"အေးအတူပူအမျှဆိုတာက တစ်ယောက်နဲ့တစ်ယောက် အတူတကွ တူညီတဲ့အကျိုးခံစားမှုရှိအောင်လုပ်ကြတာပါ။ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု ဒါမှမဟုတ် တည်ငြိမ်အေးချမ်းမှု ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့အသီးအပွင့်တွေရှိလာရင် တရုတ်နိုင်ငံက ဒီဟာကို ခံစားရတယ်။ ဒီလိုပဲ တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုတွေရှိလာတဲ့အခါ မြန်မာနိုင်ငံက အဲဒီအကျိုးကိုခံစားရတာပါ။ အဲဒါက အေးအတူပူအမျှပဲ။ ဒါကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့အစိုးရတက်လာတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရကလည်း တရုတ် - မြန်မာဆက်ဆံရေးမှာ အေးအတူပူအမျှရှိတဲ့အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမယ်လို့ ရည်မှန်းပြီးဆောင်ရွက်နေပါတယ်" . . .**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်မြောက် အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်" ဆိုင်ရာ ဗီဒီယိုနှင့် မေတ္တာစမ်းရေ (Lighting Up the Stars) ရုပ်ရှင်အား ကြည့်ရှုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia ရုပ်ရှင်ပြပွဲနှင့်ပတ်သက်၍ ပြောကြားစဉ်။

❖ နှစ်နိုင်ငံအကြား **"ဆွေမျိုးပေါက်ဖော်"** ချစ်ကြည်ရင်းနှီးမှုသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုအခါသမယပြည့်မြောက်ခဲ့ပြီး ဆက်လက်ရှင်သန်တိုးတက်လျက်ရှိနေ၊ မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးသည် ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် (၇၆)နှစ် ပြည့်မြောက်ပြီဖြစ် . . .

❖ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် **"တရုတ်တစ်နိုင်ငံတည်းမူဝါဒ"** ကို အခြေခံကျသည့်မူဝါဒအဖြစ် ခိုင်မာစွာကျင့်သုံးလျက်ရှိ၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် **"တရုတ်တစ်နိုင်ငံတည်းမူဝါဒ"** ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ် . . .

❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက်အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍများတွင် အကူအညီများကို စဉ်ဆက်မပြတ် ပေးအပ်လျက်ရှိ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသသည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများ ကိုယ်စား များစွာကျေးဇူးတင်ရှိ . . .

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို တစ်စတစ်စပိုမိုတိုးတက်ခိုင်မာစေခဲ့ကြောင်း၊ ထင်ရှားသည့်ခရီးစဉ်များကို ဖော်ပြရမည်ဆိုပါက ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးစဉ် (၁၂)ကြိမ် သွားရောက်ခဲ့ကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းသည်လည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးစဉ် (၉)ကြိမ် လာရောက်ခဲ့ကြောင်း။

မကြာသေးမီနှစ်များအတွင်း နိုင်ငံတော်အဆင့် အပြန်အလှန်ခရီးစဉ်များ၊ တွေ့ဆုံဆွေးနွေးမှုများ ပိုမိုတိုးတက်များပြားလာသည်ကို ဝမ်းမြောက်စွာတွေ့ရှိရပြီး အဲဒီခရီးစဉ်များမှတစ်ဆင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်းတွင် **"မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း"** ကို အောင်မြင်စွာတည်ထောင်နိုင်ခဲ့ကြောင်း၊ ထိုသို့ထူထောင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။

မိမိအနေဖြင့်လည်း ၂၀၂၅ ခုနှစ်၊ မေလအတွင်း ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် နှစ်(၈၀)ပြည့် မဟာမျိုးချစ်စစ်အောင်ပွဲကိုတက်ရောက်ခဲ့စဉ် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ တရုတ်နိုင်ငံ၊ တီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးနှင့် စက်တင်ဘာလ ၃ ရက်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်အခမ်းအနားများကို တက်ရောက်ခဲ့စဉ်ကာလအတွင်းကလည်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဒုတိယသမ္မတ မစ္စတာဟန်ကျန့်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံအကြား **"ဆွေမျိုးပေါက်ဖော်"** ချစ်ကြည်ရင်းနှီးမှုသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုအခါသမယ ပြည့်မြောက်ခဲ့ပြီး ဆက်လက်ရှင်သန်တိုးတက်လျက်ရှိနေကြောင်း၊ မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးသည် ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် (၇၆)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေး (၇၆) နှစ်ကြာကာလအတွင်း နှစ်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် အလွှာအသီးသီးတို့အကြား ဆက်ဆံရေးသည် စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသည်ကို နှစ်ထောင်းအားရဖွယ်တွေ့ရှိကြမည်ဖြစ်ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို ၁၉၅၄ ခုနှစ်တွင် ချမှတ်နိုင်ခဲ့ကြောင်း၊ အဆိုပါမူကြီး (၅)ရပ်သည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် စံနမူနာတစ်ခုဖြစ်လာခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံကြိုးပမ်းပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် **"တရုတ်တစ်နိုင်ငံတည်းမူဝါဒ"** ကို အခြေခံကျသည့်မူဝါဒအဖြစ် ခိုင်မာစွာကျင့်သုံးလျက်ရှိကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် **"တရုတ်တစ်နိုင်ငံတည်းမူဝါဒ"** ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကိုပိုမိုနက်ရှိုင်းစေရန် တရုတ်နိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခွင့်ကြုံခိုက် ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီးနောက် တစ်ရက်တွင် တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့်စိတ်ဓာတ် ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီးမှုကိုထင်ဟပ်ဖော်ပြခြင်းပင်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချိန်၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ထို့ပြင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ်ယွမ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသည့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကို တရုတ်နိုင်ငံက မိတ်ဆွေကောင်းပီသစွာဖြင့် မြန်မာနိုင်ငံအတွက် ပေးအပ်ခဲ့ကြောင်း၊ အခက်ခဲဆုံးအချိန်တွင် ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်ခြင်းကြောင့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများက မိမိတို့အစိုးရနှင့် သဘာဝဘေးဒဏ်ခံစားရသည့် ပြည်သူများအတွက် များစွာခွန်အားဖြစ်စေခဲ့ကြောင်း။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍများတွင် အကူအညီများကို စဉ်ဆက်မပြတ်ပေးအပ်လျက်ရှိကြောင်း၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသသည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

**စာမျက်နှာ ၁၅ သို့** ◆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 2026 China Film Week marks 76th Anniversary of the establishment of the diplomatic relations between China and Myanmar; President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla attend

NAY PYI TAW June 8

To mark the 76th Anniversary of the establishment of the diplomatic relations between China and Myanmar, the "2026 China Film Week"was opened at J Cineplex of Ottarathiri Department Store in Nay Pyi Taw this afternoon, attended by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present at the ceremony were Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Amyotha Hluttaw Speaker U Aung Lin Dway and wife, Commander-in-Chief of Defence Services General Ye Win Oo and wife, Ambassador of China to Myanmar H.E. Ms. Ma Jia, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, deputy ministers, invested guests, departmental personnel, media personnel and officials.



President U Min Aung Hlaing delivers an address at the "2026 China Film Week".




President U Min Aung Hlaing answers the questions of China Media Group-CMG.

On their arrival at the venue of ceremony, the President, wife and party were warmly welcomed by Ambassador of China to Myanmar H.E. Ms. Ma Jia and officials.

The President, wife and the Chinese Ambassador put on their signatures in commemoration of the launching the 2026 China Film Week. Attendees also signed there respectively.

The President, wife, the Chinese Ambassador and attendees posed for documentary photos to mark the opening of the festival.

The President replied to the questions raied by reporter from China Media Group-CMG Ms. Zhang Xiaoning. The full text of the answer is as follow:

In connection with the Global Civilization Initiative adopted by President Xi Jinping, film festivals of this kind are held in Myanmar. This helps to foster closer familiarity between the Myanmar people and China's culture, arts, and aesthetic traditions. It will greatly contribute to strengthening the longstanding "Pauk-Phaw" (fraternal) relations between the peoples of Myanmar and China.

Furthermore, film encompasses the full range of filmmaking techniques as well as acting skills. By watching films produced in China, one can better appreciate Chinese cinematic craftsmanship and acting performances. This, in turn, can help further enhance cooperation between Myanmar and China in the fields of film and the fine arts. It can also significantly contribute to strengthening the "Pauk-Phaw" (fraternal) friendship between the two countries.

The BRI is a globally supportive initiative. Within it, there is a China-Myanmar Economic Corridor, which is also a component that emerged from the BRI. These frameworks provide significant support when implemented through cooperation, and there are already tangible benefits being experienced.

In addition, it greatly contributes to the previously mentioned "Pauk-Phaw" (fraternal) relations. There is cooperation across multiple sectors. Furthermore, there are many areas of collaboration in trade and investment, science and technology, tourism, and various other fields—there is still a great deal to be done. These are areas

See Page - 19

From Page - 18

that will bring significant benefits to our country.

Therefore, we would also like to express our desire to further expand cooperation in all these sectors. As I mentioned earlier, we are marking the 76th anniversary of the establishment of diplomatic relations; although diplomatic relations span 76 years, the relations between the two countries actually date back hundreds and even thousands of years. That is why this relationship is referred to as the "Pauk-Phaw" (fraternal) relationship.

In 2011, the relationship was upgraded to a Comprehensive Strategic Cooperative Partnership. Later, following President Xi Jinping's 2020 visit, an agreement was reached to further build a "community with a shared future, sharing weal and woe".

"Sharing weal and woe" means working together so that both sides enjoy mutual benefits equally. If Myanmar experiences development, stability, peace, or any gains, China also benefits from them. Likewise, when China achieves development and progress, Myanmar also benefits from those achievements. This is what is meant by "sharing weal and woe". Efforts will be made to further expand and deepen this concept. Since our government took office, we have also been working with the objective of making Myanmar-China relations under the principle of "sharing weal and woe" as effective and beneficial as possible.

The opening of the festival followed. On the occasion, the President delivered an opening speech, saying that at the opening ceremony of the "2026 China Film Week Programme," the President stated in his opening remarks that the film week being held today is not merely for entertainment purposes, but also serves as a cultural bridge that helps unite the hearts of the people, bring their emotions closer together, and sustain the long-standing **"Pauk-Phaw"** (fraternal) friendship for generations to come.

Since the establishment of diplomatic relations between Myanmar and China on 8 June 1950, successive exchanges of goodwill visits by leaders of both countries have gradually strengthened bilateral relations. Among notable visits, former Chairman of the Burma Socialist Programme Party, U Ne Win, made 12 goodwill visits to the People's Republic of China. Similarly, Chinese Premier Zhou Enlai made nine goodwill visits to Myanmar.

In recent years, it is a matter of great satisfaction that high-level reciprocal visits and meetings between the two countries have increased significantly, and these visits have helped to promote cooperation across various sectors. During the visit of President Xi Jinping of the People's Republic of China to Myanmar in 2020, the **"Myanmar-China Community with a Shared Future"** was successfully established. This achievement has marked a new milestone in the history of bilateral relations between the two countries.

He also had the opportunity to meet and hold discussions with President Xi Jinping of China during my attendance at the 80th Anniversary of the Great Patriotic War Victory held in Moscow, Russia in May 2025. In addition, during my attendance at the Shanghai Cooperation Organization (SCO) Plus Summit held in Tianjin, China from 30 August to 1 September 2025, as well as the commemorative events marking the 80th anniversary of the victory in the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War held in Beijing on 3 September, he separately met with Chinese President Xi Jinping and Vice President Han Zheng. They exchanged views and discussed matters related to strengthening bilateral relations and promoting cooperation.

He stated that the **"Pauk-Phaw"** friendly relations between the two countries reached its diamond jubilee anniversary last year in 2025 and continues to thrive and develop, that Myanmar-China diplomatic relations have reached their 76th anniversary today, June 8, 2026, and that within the 76-year period of diplomatic relations, it will be found hearteningly that relations between the governments, peoples, and various strata of both countries have continuously developed.

Also, he stated that the Five Principles of Peaceful Coexistence were successfully formulated between Myanmar and China in 1954, that these Five Principles have become a model in the field of contemporary international relations, and that Myanmar had also fully supported and strived for the People's Republic of China to become a member state of the United Nations in 1971. He further expressed that Myanmar firmly practices the **"One China Policy"** as a fundamental policy in the field of international relations, that it will continue to practice the **"One China Policy"** to further strengthen the partnership between the two countries and to contribute to regional stability and peace moving forward, and that he would like to take this opportunity to reaffirm that Myanmar will cooperate closely with China to deepen multi-sectoral cooperation for the common interest of the peoples of both countries.

He then stated that China's dispatch of search and rescue teams on the day after the major Mandalay earthquake hit on March 28, 2025, reflects the firm and steadfast friendship shared between the peoples of our two countries in a community of shared future, and he would like to reiterate his heartfelt gratitude on behalf of the Myanmar people to the Chinese government and the search and rescue teams that provided rescue operations at the most critical time.

He also stated that China, acting as a true good friend, provided 1.1 billion Chinese Yuan worth of emergency humanitarian assistance to Myanmar to support rehabilitation efforts, and that since it was the very first foreign aid received during the most difficult time, China's timely support and assistance provided great strength to our government and the disaster-affected people.

Furthermore, he stated that the People's Republic of China continuously provides assistance to Myanmar in key social development sectors such as education, healthcare, social affairs, and rural development, and he would like to express great gratitude on behalf of Myanmar citizens to the Chinese government and people, who act as good neighbors and good friends, for their mutual assistance that reflects true "Pauk-Phaw" relations.

Then, he stated that on this occasion of the 76th anniversary of diplomatic relations between the two countries, he would like to express that they will continue to make efforts for the sustainable common interest of the peoples of our two countries, for stable regional development, and to accelerate the building and development of a Myanmar-China community of shared future.

He further expressed that Myanmar and China are not only connected by land and water but also share deeply profound similarities in culture and faith, that we have become close at heart based on Buddhist culture, and that the multiple sacred **tooth relic** invitations from Lingguang Temple in Beijing, China, to Myanmar for public veneration are historical examples that have united the faith and spirit of the peoples of both countries.

From the perspective of tangible cultural heritage, the joint restoration of the World Heritage Site **"Thatbyinnyu Pagoda"** in Bagan—damaged by the 2016 earthquake—through Chinese technology and funding reflects the shared commitment of both countries to preserving cultural heritage.

In the realm of intangible cultural heritage, Myanmar–China friendship has long been nurtured through the arts—dating back to the Pyu Music and Art Diplomacy Mission's visit to China in 802 AD.

Long before the rise of film, the two nations forged connections through literature and music. Profound Chinese classics, traditional military strategies, and timeless truths were translated and embraced within the Burmese literary world—a tradition that continues today. This rich foundation of shared literature, music, and the arts has paved the way for deeper collaboration in the film industry in modern times.

Building on the friendship between the two nations, the Ministry of Information of Myanmar and China's Yunnan Film and Television Corporation jointly produced the series **"The Legend of Music"** in 2013. The production was warmly received by audiences in both countries. Through the art of filmmaking, cultural cooperation has flourished, further deepening the bonds of friendship between Myanmar and China.

As part of film industry cooperation between the two countries, the Chinese Embassy in Myanmar has assisted in converting the classic Myanmar film **"Nga Ba"** and other Myanmar films into Digital Cinema Package (DCP) format, enabling their long-term preservation and future use.

Likewise, Myanmar films have been submitted and screened at film festivals held in the People's Republic of China, with Myanmar filmmakers, representatives, and artists participating in these events. In addition, the two countries are currently translating and exchanging television drama series for broadcast in each other's countries, further strengthening cultural and artistic cooperation.

The outstanding Chinese films being showcased during this Film Festival Week will provide the people of Myanmar with a deeper understanding of China's contemporary way of life, development, culture, and spiritual values. For many years, Chinese television dramas have brought enjoyment and inspiration to audiences in Myanmar. Through the shared emotions and experiences conveyed by these films and television series, the people of both countries will further strengthen genuine bonds, mutual understanding, and lasting friendship.

I would like to express my sincere gratitude to the Chinese Ambassador to Myanmar and the Chinese diplomats who organized this film festival, as well as to the officials of the Ministry of Information and the responsible personnel from various departments who provided invaluable support and assistance from all aspects to ensure the successful realization of this event.

Activities such as today's film festival play an important role in strengthening people-to-people relations between Myanmar and China. I firmly believe that, through the power of art and the close connection of the hearts and minds of the peoples of both countries, the historic Pauk-Phaw friendship and kinship between Myanmar and China will continue to endure and flourish for generations to come.

On the occasion of the 76th anniversary of the establishment of Myanmar-China diplomatic relations, which is replete with all auspiciousness, the **"2026 China Film Week"** held today as a commemoration, serves to enhance and promote multi-faceted cooperation between the

See Page - 20

●● From Page - 19

two countries, wishing for the eternal and enduring longevity of Myanmar-China friendship, the continued peaceful prosperity and development of the People's Republic of China, and good health, happiness, and joy for all the distinguished guests present today and the peoples of both nations.

Following that, the Chinese Ambassador to Myanmar spoke regarding the film exhibition, stating that the special selection of today to hold the opening ceremony of the 2026 Chinese Film Exhibition Week is to use the power of cinematic light and shadow to jointly salute and honor the China-Myanmar relations that have become stronger over the past 76 years by sharing weal and woe and overcoming difficulties together, and also to pass on the kinship and friendship of mutual care and sharing of hardships and joys for 76 consecutive years. She noted that although Myanmar has a different social system, it was the first country to recognize the new China, and China has consistently supported Myanmar's national peace, reconciliation, and stability. The Five Principles of Peaceful Coexistence, jointly proposed by China and Myanmar, have become the basic norms of international relations.

The Ambassador continued that cinema is an art form that can overcome language and cultural barriers. She recalled that during China's National Day in 1960, a "Myanmar Culture Week" was held in Beijing, and during Myanmar's Independence Day in 1961, a "China Film Week" was held in Yangon. Since that time, the two countries have engaged in extensive cooperation and exchanges in the film sector, playing an active role in enhancing mutual understanding and friendship between the peoples of both nations.

She expressed hope that through this "China Film Week," Myanmar audiences would be able to understand a natural and comprehensive picture of China, and extended an invitation to them to personally visit and explore China. She stated that such interactions would further deepen China-Myanmar kinship friendship, promoting deeper cooperation and mutual benefits, leading to successful outcomes. She also extended special thanks to the President and his wife, and all the members, for gracing this ceremony.

Subsequently, the President and his wife, along with the ceremony attendees, paid respects to the flag of the Republic of the Union of Myanmar. Then, the President and his wife, along with the ceremony attendees, watched a video related to the 2026 China Film Week marking the 76th Anniversary of the establishment of the diplomatic relations between China and Myanmar and the film 'Lighting Up the Stars'.

After the ceremony, the President warmly greeted the Chinese Ambassador to Myanmar and other attendees.

**Myawady**

# Three illegally constructed three-storey residential buildings used to commit online fraud and gambling in Shwe Kokko area systematically demolished again, bringing total number of illegal structures destroyed to 45

NAY PYI TAW June 8

Joint departmental task forces have been carrying out the complete demolition of illegal buildings and the systematic destruction of equipment used in operations in areas of Shwe Kokko and KK Park in Myawady Township, Kayin State, where online fraud and gambling operations had been based. Today, it is reported that three illegal three-storey residential buildings in the Shwe Kokko area were further demolished in a systematic manner.


It is learned that among the 77 buildings in the Shwe Kokko area that were used to commit online fraud and gambling, they have been categorized by building type—57 buildings to be demolished using vehicles and machinery, and 20 buildings to be destroyed by blasting—and are being systematically demolished.

Today, of the 57 buildings designated for demolition by vehicles and machinery, three three-storey residential buildings were further demolished systematically using vehicles and machinery. To date, a total of 45 buildings have been systematically demolished, and the remaining 32 illegal buildings will continue to be systematically destroyed.


The Government is actively undertaking online fraud and gambling suppression measures as a national duty, coordinating and collaborating not only with domestic forces but also with neighbouring countries to ensure that such operations cannot establish a foothold in Myanmar at all.

**100**

Demolition of illegal buildings used to operate illegal online gambling businesses in the Shwe Kokko area, Myawady District, Kayin State




A building destroyed by machinery that were used to operate illegal online gambling businesses in the Shwe Kokko area, Myawady District, Kayin State




## Mawlaik District harvests 100 percent completion of harvesting sesame

MAWLAIK June 8

Local farmers have completed harvesting of sesame in Mawlaik District of Sagaing Region, according to the District Agriculture Department.

In Mawlaik District, during the winter cropping season, a total of 1,473 acres of winter sesame were cultivated. Harvesting of these sesame fields began in January this year, and up to now, 915 acres in Mawlaik Township and 558 acres in Phaungpyin Township—a total of 1,473 acres—have been fully harvested, with yields of over 11 baskets per acre.

In Mawlaik District, the relevant Township Agriculture Departments have been providing awareness and technical support to sesame farmers to expand cultivation, adopt proper cultivation methods, apply Good Agricultural Practices (GAP), use quality seeds, and select high-yielding varieties.

Crops produced under the GAP system are of higher quality than those grown using other methods, can fetch better prices, and have the advantage of being marketed not only domestically but also exported to international markets. As a result, farmers adopting GAP practices can gain greater economic benefits and improve their socio-economic conditions.

**SMK**

## Kalewa Township completes harvest of all black gram plantations

KALEWA June 8

Statistics of Kalewa Township Agriculture Department mentioned that local farmers harvested all plantations of black gram in Kalewa Township of Sagaing Region.

They planted 1,706 acres of black gram as cold season crops in the township. They started harvest of crops in January, and so farm they have reaped all plantations of crops, yielding more than 20 baskets per acre.

In Kalewa Township, the Township Department of Agriculture has provided awareness and extension services to black gram farmers on obtaining quality and suitable seeds for the region, applying proper cultivation techniques, preventing pest infestations, systematically using fertilizers, and improving crop yields.

During this year's winter cropping season, in the cultivation of various pulses, the relevant Township Department of Agriculture has cooperated with farmers to support improved yield and quality by providing necessary quality seeds, agricultural inputs, and post-harvest technologies.

**SMK**

# Delegation led by Minister of Foreign Affairs of Indonesia pays a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing

NAY PYI TAW June 8

A delegation led by Minister of Foreign Affairs of Indonesia H.E. Mr. Sugiono paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Parlour in Nay Pyi Taw this afternoon.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, Vice Chairman of the National Solidarity and Peace-making Working Committee Lt-Gen Yar Pyae and officials. The Indonesian Foreign Minister was accompanied by H.E. Mr. Santo Darmosumarto, Director General of Asia, Pacific, and Africa at the Ministry of Foreign Affairs of Indonesia, and officials and officials of the Indonesian Embassy in Myanmar.



President of the Republic of the Union of Myanmar U Min Aung Hlaing receives Minister of Foreign Affairs of Indonesia H.E. Mr. Sugiono.

At the call, both sides recounted the cordial relations between the governments and leaders of the two good old friends, Myanmar and Indonesia, starting from the time of independence struggles. They also discussed Indonesia's appreciation of the challenges and hardships Myanmar is facing at present and its full confidence in the elected government led by President U Min Aung Hlaing that it will bring rapid progress and peace to Myanmar. Both sides highlighted the point that Indonesia always regards Myanmar as part of ASEAN and as a friend and that it will provide necessary support to Myanmar to become a successful and peaceful country. The two sides also agreed that Myanmar is making efforts to the most possible degree in realizing the ASEAN Five-Point Consensus and to cooperate with the ASEAN community. Then they cordially exchanged views on the continued endeavours to cement the restrengthening Myanmar-ASEAN relations, further promotion of the existing friendly relations. They also discussed the global countries' adoption of a democratic system based on their own characteristics, believes, religions, and cultural values, although it is the best system in the world, the efforts of the government to stand as the one that guarantees benefits for the country, the ongoing task of the Myanmar government to become time-tested organization that is able to turn Myanmar into a peaceful, stable and developed country and promotion of diplomatic relations, friendship and cooperation between the two countries.

After the call, the President and the Indonesian Foreign Minister posed for documentary photos. **Myawady**

# Delegation led by Vice President U Nyo Saw arrives back from Russian Federation to Yangon

NAY PYI TAW June 8

The Myanmar delegation led by Vice President U Nyo Saw that attended the 29th St. Petersburg International Economic Forum SPIEF 2026 held in St. Petersburg, the Russian Federation, left St. Petersburg for Yangon on 7 June evening local time.

The delegation led by the Vice President was seen off at Pulkovo International Airport in St. Petersburg by Myanmar Consul General U Aung Pe Thet and officials from the St. Petersburg Foreign Relations Committee and Roscongress Investments Fund.

The Vice President and delegation arrived back in Yangon on 8 June evening and they were welcomed back at Yangon International Airport by the commander of Yangon Command, Yangon Region ministers, and officials from the Embassy of the Russian Federation in Myanmar.

**Myawady**

Vice President U Nyo Saw being welcomed back by officials at the airport.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကြက်ခြေနီအသိပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေးပွဲနှင့် ကွင်းဆင်းဆောင်ရွက်သူများအတွက် ပြန်ကြားဆက်သွယ်ရေးသင်တန်းဖွင့်ပွဲကျင်းပ




ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ကွင်းဆင်းဆောင်ရွက်သူများအတွက် ပြန်ကြားဆက်သွယ်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Communication Coordinator Mr. Francisco Javier Pavon Molina တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကြက်ခြေနီလှုပ်ရှားမှု၏တန်ဖိုးများ၊ ကြက်ခြေနီအခြေခံမူများ၊ ဆောင်ရွက်ချက်များနှင့်လုပ်ငန်းတာဝန်များ၊ ကြက်ခြေနီလှုပ်ရှားမှုအကြောင်းအရာများကို ရှင်းရှင်းလင်းလင်းသိရှိနားလည်နိုင်စေရန် ရည်ရွယ်ကာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းကိုကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ မြဝတီ

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၈

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် **ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊** ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ၃လုံးကိုထပ်မံ၍စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင်ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက်၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၄၅ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ၃၂လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်းလုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။










# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Nang Akari" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ညောင်ဖြူစခန်းရပ်ကွက်၊ စဝ်စံထွန်းဈေး(အောက်ဘက်)တေဇလမ်းနေ ဇကေရီကျော် (ခ) နန်းဇကေရီကျော် အားည ၁၀ နာရီ ၄၀ မိနစ်တွင် တောင်ကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဥပဒေရေးရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲ၊ မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



မြစ်ကြီးနား ဇွန် ၈

ဥပဒေရေးရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေချုပ်နှင့်တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးဆောင်ရွက်နေမှုနှင့် ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဥပဒေအရာရှိ ဦးစန်းလွင်ဦးက ဥပဒေရေးရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အဂတိတိုက်ဖျက်ရေးဥပဒေပါ သိကောင်းစရာများကိုလည်းကောင်း၊ ရုံးအဖွဲ့မှူး ဦးစံဖေက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်လှိုင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း မဂ္ဂယ်ခန်းမ၌ကျင်းပသည့်မုတ်သုံဦး MSME ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး အထူးဆုရရှိခဲ့သည့်လုပ်ငန်းရှင်လေးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

---

➢ **ကျောဖုံးမှအဆက်**

တိုင်းရင်းသားပြည်သူများအနေဖြင့်ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့်တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့်လုံခြုံရေးရဲကင်းများတွင်လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ PNLO အဖွဲ့ဝင် ၇ ဦး၊ ဖယ်ခုံ PDF ၇ ဦး၊ မိုးဗြဲ PDF ၂ ဦး၊ DPLA ၁၂ ဦး၊ KNDF ၇ ဦး၊ ရှမ်း(တောင်) PDF ၁ ဦး၊ ကျောက်ဆည် PDF ၄ ဦး၊ စုစုပေါင်း ၄၀ ဦးတို့သည် M-16 ၄ လက်၊ M-22 ၁ လက်၊ စုစုပေါင်း ၅ လက်၊ လက်လုပ်စိန်ပြောင်း ၁ လက်၊ ကျည်အိမ်မျိုးစုံ ၃ ခု၊ ကျည်မျိုးစုံ ၁၆၁ တောင့်တို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် အကြမ်းဖက်အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်မှ အမျိုးသား ၇ ဦး၊ အမျိုးသမီး ၂ ဦး၊ ကလောမြို့နယ်မှ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး၊ ရပ်စောက်မြို့နယ်မှ အမျိုးသမီး ၁ ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား ၈ ဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသား ၅ ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ၃ ဦး၊ ဆီဆိုင်မြို့နယ်မှအမျိုးသား ၅ ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၄ ဦး၊ ဒီးမော့ဆိုမြို့နယ်မှ အမျိုးသား ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား ၁ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ၁ ဦး၊ စုစုပေါင်း အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၄ ဦးတို့ကို ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ဆုကြေးငွေထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပအိုဝ်း/ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအားအသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သေနတ် ၁ လက်နှုန်းအတွက် ဆုကြေးငွေကျပ်သိန်း (၅၀) နှုန်းဖြင့် ၅ လက်အတွက် ငွေကျပ်သိန်း (၂၅၀)၊ လက်လုပ်စိန်ပြောင်း ၁ လက်အတွက်ငွေကျပ် (၅)သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် (၂) သိန်းနှုန်းဖြင့် ၄၀ ဦးအတွက် ဆုကြေးငွေကျပ်သိန်း (၈၀)၊ စုစုပေါင်း ငွေကျပ်(၃၃၅) သိန်းအား ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာ



သူများကိုယ်စား အလင်းဝင်ရောက်လာသူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“ကျွန်တော်ကတော့ KNDF အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်တဲ့သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့အကြမ်းဖက်အဖွဲ့ထဲကို မဝင်ရောက်ခင်မှာ မိသားစုနဲ့အတူ အေးအေးချမ်းချမ်းနေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အကြမ်းဖက်အဖွဲ့ထဲရောက်ရှိနေတဲ့သူငယ်ချင်းနဲ့ လူမှုကွန်ရက်ကနေ အဆက်အသွယ်ရပြီးတော့ သူ့ရဲ့စည်းရုံး



မှုကြောင့် ကျွန်တော် KNDF ထဲကိုရောက်ရှိခဲ့ပါတယ်။ ကျွန်တော်အကြမ်းဖက်အဖွဲ့ထဲရောက်ရှိချိန်မှာ အကြမ်းဖက်အဖွဲ့ဝင်အချင်းချင်း ကြီးနိုင်ငယ်ညှဉ်း အုပ်ချုပ်တာတွေ၊ အနေအထိုင်အစားအသောက်ဆင်းရဲပင်ပန်းတာတွေအပြင် အကြမ်းဖက်အဖွဲ့တွေက သူတို့ကိုမထောက်ခံတဲ့ ဒေသခံပြည်သူတွေကို ဖမ်းဆီးချုပ်နှောင်တာတွေ၊ ညှဉ်းပန်းနှိပ်စက်တာတွေရှိတာကြောင့် ကျွန်တော်နဲ့ အဆင်မပြေတာကြောင့် ကျွန်တော်အကြမ်းဖက်အဖွဲ့ကနေ ထွက်ပြေးလာပြီး အလင်းလာရောက်ဝင်တာဖြစ်ပါတယ်။ ကျွန်တော်အလင်းဝင်လာတဲ့အချိန်မှာလည်း တပ်မတော်ကတာဝန်ရှိသူတွေက ကျွန်တော့်ကို နွေးနွေးထွေးထွေးကြိုဆိုကြပါတယ်။ ကောင်းကောင်းမွန်မွန်ထားပြီး မိသားစုဝင်တစ်ဦးလို စောင့်ရှောက်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျန်ရှိနေတဲ့ လူငယ်များအနေနဲ့လည်း အကြမ်းဖက်အဖွဲ့ရဲ့မဟုတ်မမှန်ပြောဆိုတာတွေ၊ သူတို့နဲ့ ပတ်သက်သူများရဲ့ဝါဒဖြန့်တာတွေကိုနားယောင်ပြီးတော့ အကြမ်းဖက်အဖွဲ့ကိုမဝင်ဖို့၊ ကျွန်တော် အခုလိုအလင်းဝင်လာတဲ့အတွက်လည်း မိသားစုနဲ့ မြို့မှာ အေးအေးဆေးဆေး နေထိုင်ရတယ်။ အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့လူငယ်များကိုလည်း မိသားစုနဲ့အတူ အေးအေးချမ်းချမ်းနေထိုင်ဖို့အတွက် အမြန်အလင်းဝင်ရောက်ဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်”ဟုပြောသည်။

“ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်မှာရှိတဲ့ ကယန်းတိုင်းရင်းသား လူမျိုးတစ်ယောက်ပါ။ ကျွန်တော်တို့ ဖယ်ခုံမြို့နယ်မှာ KNDF / PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့တွေနဲ့ တပ်မတော်က နှစ်ဖက်ထိတွေ့တိုက်ပွဲတွေဖြစ်တဲ့အတွက် ဖယ်ခုံမြို့နယ်အနောက်ဘက်ခြမ်းကို ယာယီနေရပ်စွန့်ခွာခဲ့ရပါတယ်။ ယာယီနေရပ်စွန့်ခွာခဲ့ရတဲ့အချိန်အတွင်းမှာ အကြမ်းဖက် PDF အဖွဲ့က ကျွန်တော့်ကိုအတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့တယ်။ အကြမ်းဖက်အဖွဲ့ထဲရောက်ရှိပြီး တပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်နေချိန်မှာတော့ အဖွဲ့ထဲမှာရှိတဲ့ ခေါင်းဆောင်ပိုင်းတွေက ရာထူးအလိုက်ခွဲခြားဆက်ဆံတာတွေ၊ အာဏာပြဆဲဆိုတာတွေ၊ လူမျိုးရေး၊ ဘာသာရေးခွဲခြားဆက်ဆံတာတွေ ပြုလုပ်လာတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ နေထိုင်ရတာအချိန်ကြာတာနဲ့အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့တယ်။ ထွက်ပြေးမယ်ဆိုရင်လည်း ကျွန်တော့်မိသားစုတွေကို ခြိမ်းခြောက်ပြောဆိုမှုတွေလုပ်တဲ့အတွက် ကျွန်တော်ထွက်ပြေးဖို့ကြောက်ရွံ့ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့အချိန်မှာတော့ တပ်မတော်က တာဝန်ရှိသူတွေက မိသားစုသဖွယ်နွေးထွေးစွာပြောဆိုဆက်ဆံတယ်၊ ကောင်းကောင်းမွန်မွန်စောင့်ရှောက်ထားပြီး ဘဝလုံခြုံမှုပေးတဲ့အတွက် ကျွန်တော် လွန်စွာဝမ်းသာမိပါတယ်။ တပ်မတော်အနေနဲ့ အလင်းဝင်ရောက်လာမယ့်လမ်းမှားလူငယ်တွေကို နွေးထွေးစွာကြိုဆိုပေးလျက်ရှိတဲ့အပြင် အလင်းဝင်ရောက်လာသူတွေကို မိသားစုနဲ့အတူ မြို့ရွာအတွင်းမှာအေးအေးချမ်းချမ်းနေထိုင်ခွင့်ပေးတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာကျန်ရှိနေသေးတဲ့သူငယ်ချင်းတွေကိုမိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကိုအေးချမ်းစွာဖြတ်သန်းနိုင်ဖို့အတွက် အကြမ်းဖက်ဝါဒဖြန့်စကားတွေကို နားမယောင်ဘဲ အမြန်ဆုံးအလင်းဝင်နိုင်ဖို့ ကျွန်တော်တိုက်တွန်းပါတယ်”ဟု ပြောသည်။ **(၁၀၀)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇွန် ၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် PDF အမည်ခံ ကျောင်းသားလက်ရုံးတပ်(SAF)မှ အမျိုးသား ၁ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်မှ အမျိုးသား ၁ ဦး၊ ပေါက်တောမြို့နယ်မှ အမျိုးသား ၁ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ အမျိုးသား ၂ ဦး၊ အမ်းမြို့နယ်မှ အမျိုးသား ၁ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်မှ အမျိုးသား ၁ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်ခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။


ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူလူငယ်များအား အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် –

“ကျွန်တော်က ပေါက်တောမြို့မှာနေပါတယ်။ ၁ လပိုင်း ၁ ရက် ၂၀၂၀ ပြည့်နှစ်မှာ AA ထဲကိုရောက်သွားပါတယ်။ ကျွန်တော်ရောက်တဲ့အချိန်မှာ သူတို့တွေဘက်က ပြုမူဆက်ဆံရိုင်းပျတာတွေ ကျွန်တော်ခံခဲ့ရဖူးပါတယ်။ ကောင်းကျိုးဆိုတဲ့ လူမျိုးရေးအတွက် ခေါင်းစဉ်တပ်ပြီး သူတို့ကောင်းစားရေးအတွက် အလုပ်လုပ်တာတွေကို ကိုယ်တွေ့မျက်မြင်ကြုံခဲ့ရပါတယ်။ အများအပြားကတော့ လူငယ်ပိုင်း အသက်မပြည့်တဲ့လူငယ်တွေကို သွေးဆောင်ဖြားယောင်းပြီးတော့ သွင်းထားတာတွေက အများကြီးပါ။ ဘာကြောင့်ဒီလိုအလုပ်ခံရတာလဲဆိုတော့ ကျွန်တော်တို့က ငယ်ရွယ်ပြီး အသိဉာဏ်တွေဖွံ့ဖြိုးမှုမရှိလို့ ကိုယ်ကိုယ်တိုင်ကြုံတွေ့ခဲ့ရတာတွေကို နောင်လာနောက်သား လက်အောက်က ညီငယ်ညီမလေးတွေကို သိစေချင်တယ်။ အစ်ကိုတို့တောထဲနေခဲ့ရတာက ပျော်ဖို့မဟုတ်ပါ။ ကိုယ့်ရဲ့လမ်းစဉ်မှားလားမှန်လား သေသေချာချာ စဉ်းစားပြီးမှမှားမှန်းသိလို့ တပ်မတော်ဥပဒေဘောင်ထဲကိုလာပြီး အလင်းဝင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာလည်း ဒီမှာ တစ်စုံတစ်ရာကြမ်းတမ်းမှုမရှိဘဲနဲ့ နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ ဘယ်ကလာတဲ့ရန်သူဖြစ်စေ စိတ်ခံတက်ပိုင်းဆိုင်ရာမွန်မြတ်လို့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုခဲ့တယ်။ လက်အောက် ညီငယ် ညီမငယ်တို့လည်း ကိုယ့်လိုပဲလာရောက်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမှားအမှန်ကို သေသေချာချာစဉ်းစားပြီး ခွဲခြားသိစေချင်တယ်။ ညီငယ်ညီမငယ်တို့လည်း ဒီကိုရောက်လာချိန်မှာ ဘဝကြီးကို အခက်အခဲတွေနဲ့ တွေ့မယ်ထင်တယ်၊ နှိပ်စက်မယ်ထင်တယ်၊ AA လူကြီးတွေပြောထားတဲ့ စကားတွေက ဒီဘက်ကို အလင်းဝင်သွားရင်ဘယ်လောက်ထိခက်ခဲတယ်၊ ကြမ်းတမ်းတယ်၊ ယုတ်မာတယ်ဆိုတာတွေကို ဦးနှောက်ထဲအမြဲရိုက်သွင်းထားတယ်။ အမှန်က ငါတို့ ဦးနှောက်ကြီးကို မှိုင်းတိုက်ထားတာ။ မဖြစ်နိုင်၊ မဟုတ်နိုင်တာတွေ အဟုတ်လုပ်ပြီး ကိုယ်တွေ့ကျမှ အမှန်တကယ်တပ်မတော်ဘက်က ဆက်ဆံတာတွေက အဲလိုမဟုတ်ဘူး။ ညီအစ်ကိုတွေလိုပဲ ခင်ခင်မင်မင်ချစ်ချစ်ခင်ခင်နဲ့ကြိုဆိုတယ်။ ကူညီပံ့ပိုးပေးခဲ့ကြတယ်၊ ဒီအတွက်နဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်” ဟုပြောသည်။





“ကျွန်တော်က AAထဲကို ဝင်ချင်လို့ဝင်တာမဟုတ်ပါဘူး။ ကျွန်တော်က ရန်ကုန်ကိုသွားတဲ့အခါ ရခိုင်ရိုးမထဲမှာ PRA(မကွေး) အဖွဲ့က ဖမ်းပြီး AA အဖွဲ့ကို အပ်လိုက်တယ်။ ကျွန်တော့်ဆန္ဒကိုမမေးဘဲ ကျွန်တော့်ကို အတင်းအဓမ္မ သင်တန်းပေးလိုက်တာဖြစ်တယ်။ ပြီးရင် သင်တန်းကာလမှာ ညီမငယ်တစ်ယောက် သေဆုံးသွားခဲ့ပြီး ယောကျ်ားလေးသုံးဦးထွက်ပြေးလို့ AA တွေက ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ သတ်တယ်။ နှိပ်စက်တာတွေ၊ ရိုက်နှက်တာတွေ ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ အစားအသောက်တွေကလည်း မကောင်းပါ။ ဆီမပါ ဆားမပါ စားသောက်ခဲ့ရတယ်။ ကောင်းကောင်း အနှိမ်ခံရပါတယ်။ နောက်ပြီး ကျွန်တော်ကအဖမ်းခံရပြီး သင်တန်းတက်ခိုင်းတာဖြစ်တဲ့အတွက် အနှိမ်ခံရတယ်။ ဆဲဆိုပြီး ငါတို့မြောက်ပိုင်းရခိုင်တွေက မျိုးချစ်စိတ်ရှိတယ်။ မင်းတို့ တောင်ပိုင်းရခိုင်တွေက ရခိုင်သား (မျိုးချစ်စိတ်ဓာတ်) မရှိဘူးဆိုပြီး ကောင်းကောင်းဆဲဆိုတယ်။ ကျွန်တော်ပြောချင်တာက တောင်ပိုင်းရခိုင်တွေက ရိုးရိုးသားသားနေထိုင်ပြီး နိုင်ငံတော်ကို ပုန်ကန်လိုစိတ်မရှိကြဘူး။ ကျွန်တော်တို့ တောင်ပိုင်းဘက်က လူတွေက စကားပြောရင် ဗမာစကား (ဗမာအသံ) နည်းနည်းပါတယ်။ အဲ့လို ဗမာစကား (ဗမာအသံ) ပါရင် ကြမ်းကြမ်းတမ်းတမ်း အဆဲခံရ၊ နှိပ်စက်ခံရတယ်။ စကားပြောရင်လည်း ရခိုင်မြောက်ပိုင်းစကားပဲပြောခိုင်းပါတယ်။ ကျွန်တော် သင်တန်းဆင်းတဲ့အချိန်မှာ ထောက်ပို့တာဝန်ထမ်းဆောင်စဉ် အရမ်းပင်ပန်းလို့ မခံနိုင်ဘူး။ နေ့တိုင်း ညတိုင်း Drone တွေက လာချပြီးတော့ ရဲဘော်တွေက အစားဆင်းရဲ၊ အနေဆင်းရဲတာတွေနဲ့ ကြုံတွေ့လာလို့ပါ။ ကျွန်တော့်ကိုနောက်တစ်နေရာပို့လိုက်ပါတယ်၊ နောက်တစ်နေရာက AA တပ်စုမှူးက တော်တော်ဆိုးပါတယ်။ နေ့တိုင်းရိုက်တယ်။ ကြမ်းကြမ်းတမ်းတမ်းဆဲဆိုတယ်၊ မတူသလို မတန်သလို ဆက်ဆံပါတယ်။ အရက်မူးလာရင်ဆဲဆိုတယ်။ ထွက်ပြေးထားတဲ့ ကောင်တွေ ရခိုင်သားစိတ်ဓာတ်မရှိဘူးဆိုပြီး ဆဲဆိုတယ်၊ ရိုက်တယ်၊ ခေါင်းဆောင်တစ်ယောက်မပီသဘူး။ AA ကပြောတယ်။ အစိုးရဆိုတာ ကောင်းကောင်းရက်စက်တယ်လို့ပြောတယ်။ ကျွန်တော်ကြုံတွေ့ရတဲ့အခါကျတော့ ထင်ထားတာနဲ့ တခြားစီပဲ။ အစိုးရက ကျွန်တော့်အပေါ် ကောင်းကောင်းဆက်ဆံတယ်၊ နွေးထွေးမှု ကောင်းကောင်းပေးတယ်။ အခုလက်ရှိ အလင်းဝင်တာ မှန်တယ်လို့ဆိုရမှာပဲ။ ကျွန်တော်ထင်ထားတာက ရက်စက်ကြမ်းကြုတ်တဲ့ မြန်မာ့တပ်မတော် မဟုတ်ဘူး။ မုန်းလည်းမမုန်းဘူး။ ခွဲခြားဆက်ဆံတာလည်းမရှိဘူး။ တကယ်လို့ မဖြစ်မနေ မလွှဲသာမရှောင်သာ အဖမ်းခံရလို့ AA ထဲဝင်ရတဲ့ ရဲဘော်တွေကိုလည်း ဒီဘက်ကို လာခဲ့ကြပါ။ အစိုးရကလည်း မင်းတို့ကို နွေးထွေးမှုတွေ အများကြီးပေးနေပါတယ်။ မင်းတို့ထင်ထားသလို မဟုတ်ပါဘူး” ဟုပြောသည်။ **(၁၀၀)**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား / အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ဘော်လီဘောအသင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

တောင်ကြီး ဇွန် ၈

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် ဘော်လီဘောအသင်းအား တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ဘော်လီဘော လက်ရွေးစင်အသင်းအား ပြိုင်ပွဲကုန်ကျစရိတ်ငွေများ ပေးအပ်ရာ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက လက်ခံရယူကြပြီး ရှမ်းပြည်နယ် ဘော်လီဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အလှူငွေများပေးအပ်ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများကို ဇွန်လ ၁၀ ရက်မှ ၁၉ ရက်အထိ ပြည်နယ်လေ့ကျင့်ရေးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ အရေအတွက် ၅၀၀ ကျော်လာ

**ကင်ရှာဆာ၊ ကျန်းမာရေး**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါဖြစ်ပွားသူအရေအတွက်သည် အယောက် ၅၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဌာနကထုတ်ပြန်ထားသည်။ ဇွန်လ ၇ ရက်အထိစာရင်းများအရ နိုင်ငံတစ်ဝန်း၌ အီဘိုလာရောဂါဖြစ်ပွားသူ ၅၁၅ ဦးနှင့် ထိုရောဂါကြောင့် သေဆုံးသူ ၉၁ ဦးရှိကြောင်း၊ ထို့ကြောင့် ရောဂါဖြစ်ပွားသူများအနက် သေဆုံးမှုပမာဏသည် ၁၇ ဒသမ ၇ ရာခိုင်နှုန်းအထိရှိလာကြောင်းနှင့် ဆေးရုံပြန်ဆင်းခွင့်ရရှိသူမှာ ၁၂ ဦးသာရှိသေးကြောင်းသိရသည်။

ရောဂါကူးစက်မှုအများဆုံးပြည်နယ်မှာ အီတူရီပြည်နယ်ဖြစ်ပြီး ရောဂါကူးစက်ခံရသူများအနက် ၉၅ ရာခိုင်နှုန်းအထိရှိနေကြောင်းနှင့် ယခုရောဂါကူးစက်ပျံ့နှံ့မှုက ကွန်ဂိုနိုင်ငံအတွက် ၁၉၇၆ ခုနှစ်မှစ၍ ၁၇ ကြိမ်မြောက်ဖြစ်ကြောင်းသိရသည်။

Ref: RT

## ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် လူ ၃၅ ဦးသေဆုံးပြီး အဆောက်အအုံများစွာပြိုကျ



**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆာရန်ဂါနီပြည်နယ်၌ ဇွန်လ ၈ ရက်နံနက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိအင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်သွားရာ အနည်းဆုံးလူ ၃၅ ဦး သေဆုံးပြီး အဆောက်အအုံများစွာ ပြိုကျပျက်စီးကာ စာသင်ကျောင်းများနှင့် လေကြောင်းလိုင်းများကို ယာယီရပ်ဆိုင်းထားရကြောင်း တာဝန်ရှိသူများကပြောသည်။ ငလျင်ကြောင့် အိမ်နီးချင်းနိုင်ငံအချို့၌ဆူနာမီသတိပေးချက် ထုတ်ပြန်ရသော်လည်း နောက်ပိုင်းတွင်ထုတ်ပြန်ချက်ကိုပြန်လည်ရုပ်သိမ်းခဲ့သည်။

လူဦးရေ ခုနစ်သိန်းကျော်ရှိသော ဆိပ်ကမ်းမြို့ဖြစ်သည့် ဂျန်နရယ်ဆန်းတို့တွင် သေဆုံးသူ ၁၀ ဦးရှိပြီး လက်ရှိအချိန်ထိ အနည်းဆုံးလူ ၁၂ ဦး ပျောက်ဆုံးကြောင်း ဖိလစ်ပိုင်၏ အရပ်ဘက်ကာကွယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဂျူနီကာဇစ်တီလိုက ပြောသည်။ သေဆုံးမှုများမှာ အဆောက်အအုံအပျက်အစီးများပိမိခြင်း၊ မြေပြိုခြင်းတို့ကြောင့်ဖြစ်ပြီး လူပေါင်း ၁၃၄ ဦးထက်မနည်းဒဏ်ရာရရှိထားကြောင်း ရဲတပ်ဖွဲ့က အတည်ပြုသည်။

ငလျင်လှုပ်ခတ်ချိန်က စာသင်ကျောင်းများ ပြန်ဖွင့်သည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် ဂျန်နရယ်ဆန်းတို့ရှိ နှစ်ထပ်ကျောင်းဆောင်တစ်ခုပြိုကျသည့်နေရာ၌ ကျောင်းသားအချို့ပိတ်မိနေသည်။ လက်ရှိတွင် စာသင်ကျောင်းပေါင်း ၅၈၀၀ ကျော်ကို အရေးပေါ်ပိတ်ထားရသည်။ ယခုလှုပ်ခတ်သည့်ငလျင်၏ဗဟိုချက်သည် မင်ဒါနာအိုပြည်နယ်ရှိရေပြင်အောက် အနက် ၃၃ ကီလိုမီတာ၌ ဖြစ်ပွားခြင်းဖြစ်ကြောင်းတာဝန်ရှိသူများကပြောသည်။

Ref: Xinhua

## အီရန်၌အပစ်အခတ် ရပ်စဲမှုမသေချာစဉ် OPEC+ အဖွဲ့က ရေနံတိုးမြှင့်ထုတ်လုပ်မည်

**ဒူဘိုင်း၊ ရေနံ**

အီရန်စစ်ပွဲနှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲမှုကသေချာမှုမရှိစဉ် ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ အစည်းနှင့်မိတ်ဖက်အဖွဲ့ဖြစ်သော OPEC+ က ဇူလိုင်လအတွက် နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏကို စည် ၁၈၈၀၀၀ အထိတိုးမြှင့်ထုတ်လုပ်ရန် ဇွန်လ ၇ ရက်တွင်သဘောတူလိုက်ကြောင်းသိရသည်။

ပုံမှန်အချိန်တွင် OPEC+ အဖွဲ့က ရေနံတိုးမြှင့်ထုတ်လုပ်လျှင် ရေနံဈေးနှုန်းမှာ ကျဆင်းလေ့ရှိသော်လည်း အီရန်ပဋိပက္ခကြောင့် ဟော်မုဇ်ရေလက်ကြားပိတ်ထားရသည့်အတွက် ရေနံထောက်ပံ့မှုကွင်းဆက်ပြတ်တောက်သကဲ့သို့ဖြစ်နေသောကြောင့် ယခုကဲ့သို့ရေနံကိုတိုးမြှင့်ထုတ်လုပ်ရခြင်းဖြစ်သည်။

သို့သော် ဟော်မုဇ်ရေလက်ကြားအပြည့်အဝပြန်မဖွင့်သေးသည့်ကာလပတ်လုံး OPEC+ ကတိုးမြှင့်ထုတ်လုပ်သောရေနံများ ဈေးကွက်သို့ အပြည့်အဝမရောက်နိုင်သဖြင့် ကမ္ဘာ့နိုင်ငံများတွင်သိုလှောင်ထားသည့် အရန်ရေနံပမာဏသည် နည်းသည်ထက်နည်းလာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောသည်။

Ref: ST

## ဗြိတိန်၏ နျူကလီးယား ရေငုပ်သင်္ဘောအားလုံး တာဝန်ထမ်းဆောင်ရန် သင့်လျော်မှုမရှိ

**လန်ဒန်၊ ပြည်တွင်းရေး**

ဗြိတိန်နိုင်ငံ၌ရှိသော နျူကလီးယားစွမ်းအင်သုံးပြုတိုက်ခိုက်ရေးရေငုပ်သင်္ဘောအုပ်ကြီးတစ်ခုလုံးသည် ဆိပ်ကမ်းများ၌ ဆိုက်ကပ်ကာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများလုပ်ဆောင်ရန်စောင့်ဆိုင်းနေရသည့်အတွက်တာဝန်ထမ်းဆောင်ရန်သင့်လျော်မှုမရှိကြောင်း၊ ထို့ကြောင့် တော်ဝင်ရေတပ်အနေဖြင့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတစ်စင်းကိုမျှ အသုံးပြုနိုင်ခြင်းမရှိကြောင်း ဗြိတိန်သတင်းဌာနများကဖော်ပြထားသည်။

ဗြိတိန်ရေတပ်၌ နျူကလီးယားစွမ်းအင်အသုံးပြု တိုက်ခိုက်ရေးရေငုပ်သင်္ဘောစုစုပေါင်းငါးစင်းရှိသော်လည်း ထိုငါးစင်းစလုံးသည် ဆိပ်ကမ်း၌ဆိုက်ကပ်ထားရခြင်းဖြစ်သည်။ ခြောက်စင်းမြောက်ရေငုပ်သင်္ဘောမှာမူ တပ်တော်ဝင်ထားသော်လည်း အသုံးပြုရန် အသင့်မဖြစ်သေးကြောင်း ရေတပ်သတင်းအရင်းအမြစ်များ၏ပြောဆိုချက်ကိုကိုးကား၍ The Telegraph နှင့် Daily Mail သတင်းစာတို့ကဖော်ပြထားသည်။ Astute-class ရေငုပ်သင်္ဘောများသည် ရန်သူ့ရေငုပ်သင်္ဘောများကို ရှာဖွေခြင်းနှင့် ဟန့်တားခြင်းအပြင် အစောင့်လိုက်အနေဖြင့်လည်း အသုံးပြုနိုင်သည့်သင်္ဘောများဖြစ်သည်။

Ref: RT

## အီရန်ကတိုက်ခိုက်မှုရပ်တန့်ရန်နှင့် အစ္စရေးက လက်တုံ့မပြန်ရန် အမေရိကန်တိုက်တွန်း

**ဝါရှင်တန်၊ စစ်ရေး**

အီရန်က အစ္စရေးနိုင်ငံအတွင်းသို့ အမြင့်ပျံဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် အီရန်အနေဖြင့် ထိုသို့ပစ်ခတ်တိုက်ခိုက်မှုကိုရပ်တန့်ရန်နှင့် အစ္စရေးအနေဖြင့် အီရန်အပေါ်လက်တုံ့ပြန်တိုက်ခိုက်မှုမလုပ်ရန် အမေရိကန်အစိုးရကတိုက်တွန်းလိုက်ကြောင်းသိရသည်။

အီရန်အနေဖြင့် ဒုံးကျည်များဖြင့်ပစ်ခတ်မှုကိုရပ်တန့်သင့်ပြီဖြစ်ကြောင်းနှင့်ဆွေးနွေးပွဲ၌စကားဝိုင်းသို့ ပြန်လာရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။ ထို့နောက် ထရမ့်က အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုထံသို့ဖုန်းခေါ်ကာ အီရန်၏ဒုံးကျည်ဖြင့်တိုက်ခိုက်မှုများအတွက်လက်တုံ့ပြန်ခြင်းမပြုရန်ဖိအားပေးမည်ဖြစ်ကြောင်း သတင်းဌာနတစ်ခုနှင့်တွေ့ဆုံမေးမြန်းခန်းတွင်ပြောထားသည်။

အီရန်စစ်ဘက်က ဇွန်လ ၇ ရက်ညပိုင်းတွင် အစ္စရေးနိုင်ငံအတွင်းသို့ အမြင့်ပျံဒုံးကျည် ၁၀ စင်းကိုသုံးကြိမ်ခွဲ၍ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါဒုံးကျည်များအားလုံးကို ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးအစိုးရကထုတ်ပြန်ထားသည်။ အစ္စရေးစစ်ဘက်က လက်ဘနွန်နိုင်ငံကိုတိုက်ခိုက်ခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်ကယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်သည်ဟု အီရန်တာဝန်ရှိသူများကထုတ်ပြန်ထားကြောင်းသိရသည်။

Ref: RT



## တရုတ်က မြောက်ကိုရီးယားအတွက်အကူအညီများကို မယိမ်းမယိုင်ဆက်လက်ပေးအပ်မည်ဟု ရှီကျင့်ဖျင်ပြော



**ပြုံယမ်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသို့ပေးထားသည့် ကတိကဝတ်များကိုရှောင်လွှဲသွားမည်မဟုတ်ဘဲ မြောက်ကိုရီးယားနိုင်ငံအတွက်အကူအညီများကို မယိမ်းမယိုင်ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က မြောက်ကိုရီးယားနိုင်ငံသို့ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေစဉ်ပြောသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် မြောက်ကိုရီးယားနိုင်ငံသို့ ရှားရှားပါးပါးခရီးစဉ်အဖြစ် ဇွန်လ ၈ ရက်မှ ၉ ရက်အထိရောက်ရှိလာခြင်းဖြစ်သည်။ ယခုခရီးစဉ်က ရှီကျင့်ဖျင်အတွက် ၂၀၂၆ ခုနှစ်အတွင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည့်အပြင် ခြောက်နှစ်ကျော်ကာလအတွင်း မြောက်ကိုရီးယားနိုင်ငံသို့ပထမဆုံးလာရောက်ခြင်းလည်းဖြစ်သည်။

တရုတ်နိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံစလုံး၏အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးစီးပွားများကို ခိုင်ခိုင်မာမာကာကွယ်သွားမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်က မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်နှင့်တွေ့ဆုံဆွေးနွေးစဉ်ပြောသည်။ ထို့ပြင် နိုင်ငံတကာအခြေအနေများသည် မည်သို့ပင်ဖြစ်စေကာမူ တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို လွန်စွာတန်ဖိုးထားရှိသည်ဟု ရှီကျင့်ဖျင်ကပြောကြောင်းသိရသည်။

Ref: AGC

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများ (ပထမအကြိမ်)ပေးအပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများ (ပထမအကြိမ်)ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၈

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ထီးများပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ထီးများပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးက တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## (၈-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၄၃၉,၇၆၅.၁၁ | ၃၇၉,၆၆၄.၁၆ | ၂၈,၄၀၀,၆၉၉.၅၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှစားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၆၅ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃၈၄.၂၄ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၈

ယနေ့နံနက် ၆ နာရီ ၇ မိနစ် ၄၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၁၁၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Mindanao, Philippines) မြောက်လတ္တီတွဒ် ၅ ဒသမ ၆၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၅ ဒသမ ၁၃ ဒီဂရီ၊ အနက် ၇၁ ကီလိုမီတာခန့်ကိုဗဟိုပြု၍ ပမာဏ ၇ ဒသမ ၉(M) အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၁၀)အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်အား ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွား




(၆-၆-၂၀၂၆)ရက်တွင် အမှတ်(၁၀)အစုန် မန္တလေး-ရန်ကုန် DEMU ရထား၏ DEMU-F-4016 ရထားတွဲအား ခဲဖြင့်ပစ်ပေါက်ခံခဲ့ရမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၈

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန် - မန္တလေးရထားလမ်းပိုင်း၌ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲလျက်ရှိရာ ရန်ကုန်-မန္တလေးအစုန်/အဆန် ခရီးစဉ်အား ရထား(၆)စင်း၊ ရန်ကုန်-နေပြည်တော်ခရီးစဉ်အား ရထား(၄)စင်း၊ စုစုပေါင်းရထား(၁၀)စင်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး ဇွန်လ ၆ ရက်၊ ညနေ ၅ နာရီမိနစ် ၂၀ တွင် အမှတ်(၁၀)အစုန် မန္တလေး-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ကဒုတ်နှင့်ပျဉ်ပုံကြီးဘူတာအကြား မိုင်တိုင် ၆၈/၈-၉သို့ ရောက်ရှိဖြတ်သန်းစဉ် တွဲဆိုင်း၏နောက်ဆုံးတွဲ DEMU-F-4016 ၏ အနောက်ဘက်ခြမ်း ခရီးသည် အတက်/အဆင်း တံခါးမှန်အား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ၎င်းတံခါးရွက်၏အပေါ်မှန်မှာ ကြေမွပျက်စီးခဲ့ပြီး ခရီးသည်နှင့်ဝန်ထမ်းများထိခိုက်မှုမရှိသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ဒိုက်ဦးမြို့နယ်၊ ရဲစခန်းနှင့် ရထားရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက လိုက်လံဖမ်းဆီးခဲ့ရာ တရားခံဖြစ်သူ ဟိန်းမင်းရှိန်(ဘ)ဦးဇော်လင်းခိုင်၊ အသက်(၁၅)နှစ်၊ အရှေ့ဈေးလမ်း၊ ပျဉ်ပုံကြီးကျေးရွာ၊ ပဲခူးမြို့နယ်နှင့် အောင်မြင့်မြတ်(ဘ) ဦးကျော်ဟန်၊ အသက်(၁၆)နှစ်၊ ဟိန်းမင်းထွန်း(ဘ)ဦးသိန်းတိုး၊ အသက်(၁၅)နှစ်၊ လရောင်ဟန်(ဘ) ဦးအောင်ဇေယျ၊ အသက်(၁၆)နှစ် ဒိုက်ဦးမြို့နယ်တွင်နေထိုင်သူတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဒိုက်ဦးမြို့နယ်၊ အေးသုခရဲစခန်းတွင် အမှုအမှတ်၊ ပ/၁၃/၂၀၂၆ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ(၈၄)နှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။


ယခင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် အမှတ်(၇)အဆန် DEMU ရထားအားဖြူးနှင့်ဇေယျဝတီဘူတာအကြား ခဲဖြင့်ပစ်ပေါက်ခဲ့သူ တရားခံထက်ဦးလွင်(ခ)ငထော်နီ၊ အသက်(၁၈)နှစ်အား တောင်ငူခရိုင်တရားရုံးမှ ရာဇသတ်ကြီးမှုအမှတ် ၁၂၅/၂၀၂၅ ဖြင့် ဒီဇင်ဘာလ ၅ ရက်တွင် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ် အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် အများပြည်သူများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့်အတွက် ရထားအားခဲဖြင့်ပေါက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းတို့အား ထပ်မံမဖြစ်ပေါ်စေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီး ရထားလမ်းအနီးအနားတစ်ဝိုက်ရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာများမှ တာဝန်ရှိသူများနှင့်အတူ ပြည်သူများ၊ စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်းသို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ အများဆုံး နှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်များနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများအဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# မန်ယူအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် တိုနယ်လီအား စတာလင်ပေါင် သန်း ၈၀ ဖြင့်ကမ်းလှမ်း



မန်ချက်စတာ ဇွန် ၈

မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနယ်လီအား မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော စတာလင်ပေါင် သန်း ၈၀ ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်နှစ်ကစားသမားအပြောင်းအရွှေ့ကာလက အသင်းတိုက်စစ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲ လုပ်ဆောင်ခဲ့ရာ ရက်ရှ်ဖို့ဒ်၊ ဆန်ချိုနှင့် ဂါနာချိုတို့ကို အသင်းမှထွက်ခွာစေ၍ အမ်ဘူမို၊ ကွန်ဟာနှင့်ဆက်ကိုတို့ကိုခေါ်ယူခဲ့ပြီး ခေါ်ယူခဲ့သည့်ကစားသမားအားလုံး ခြေစွမ်းပြနိုင်ခဲ့သည်။ မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် အတ္တလန္တာအသင်းမှ ကွင်းလယ်ကစားသမား အီဒါဆန်ကိုခေါ်ယူနိုင်ပြီးနောက် ယခုအခါ ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် တိုနယ်လီအား ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် တိုနယ်လီသည် ၂၀၂၃ ခုနှစ်က အေစီမီလန်အသင်းမှ နယူးကာဆယ်အသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် လောင်းကစားမှုကြောင့် ကာလရှည်ပွဲပယ်ခံရသည့်အတွက် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားနိုင်သော်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်သူဖြစ်သည်။

နယူးကာဆယ်အသင်းနှင့် တိုနယ်လီတို့ကြား စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း တိုနယ်လီကိုယ်တိုင်က လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာလိုပြီး ၎င်းကို မန်ယူအသင်းနှင့်အပြိုင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကလည်း ခေါ်ယူလိုသည့်အတွက် မန်ယူအသင်းက လက်ဦးမှုရယူနိုင်ရန် စတာလင်ပေါင် သန်း ၈၀ ဖြင့် စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# ပီအက်စ်ဂျီအသင်းက ဗီတင်ဟာနှင့် ဂျာအိုနာဗက်တို့ကို ရောင်းချမည်မဟုတ်ကြောင်းကြေညာ

ပဲရစ် ဇွန် ၈

ပီအက်စ်ဂျီအသင်းက အသင်းမှ အဓိကကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် ဗီတင်ဟာနှင့် ဂျာအိုနာဗက်တို့ကို ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်အနေဖြင့် အသင်းဥက္ကဋ္ဌရွေးချယ်ပွဲတွင် အနိုင်ရရှိမည်ဆိုပါက ဗီတင်ဟာနှင့် ဂျာအိုနာဗက်တို့နှစ်ဦးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၅၀ ဖြင့်ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်ပြီးနောက် ပီအက်စ်ဂျီအသင်းက ဗီတင်ဟာနှင့် ဂျာအိုနာဗက်တို့၏ အပြောင်းအရွှေ့သတင်းများနှင့်ပတ်သက်ပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဗီတင်ဟာနှင့်ဂျာအိုနာဗက်တို့သည် ပီအက်စ်ဂျီအသင်းက ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ နှစ်ကြိမ်ဆက် ချန်ပီယံဆုဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားများအဖြစ် ခြေစွမ်းပြနိုင်ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူလိုနေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို အင်အားဖြည့်တင်းလိုနေသည့်အတွက် ဗီတင်ဟာနှင့် ဂျာအိုနာဗက်တို့အပြင် ဘိုင်ယန်မြူးနစ်အသင်းမှ အိုလီဆီကိုလည်း ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မတူညီသည့်အသင်း ၂၁ သင်းကို ဂိုးသွင်းယူနိုင်သောကစားသမားအဖြစ် တိုက်စစ်မှူးဟယ်ရီကိန်းမှတ်တမ်းဝင်

လန်ဒန် ဇွန် ၈

အင်္ဂလန်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် နိုင်ငံတကာခြေစမ်းပွဲအဖြစ်ကစားသည့် အင်္ဂလန်အသင်းက နယူးဇီလန်အသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိသောပွဲတွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ရွန်းနီကိုကျော်ဖြတ်ပြီး အင်္ဂလန်အသင်း၌ မတူညီသည့် အသင်း ၂၁ သင်းကို ဂိုးသွင်းယူနိုင်သောကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဟယ်ရီကိန်းသည် အင်္ဂလန်အသင်းက နယူးဇီလန်အသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲ၌ ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပို နှစ်မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် အင်္ဂလန်အသင်း၌ မတူညီသည့်အသင်း ၂၁ သင်းကို ဂိုးသွင်းယူနိုင်သောကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အင်္ဂလန်အသင်း၌ မတူညီသည့် အသင်းများကို ဂိုးသွင်းယူနိုင်သောကစားသမားအဖြစ် ဟယ်ရီကိန်းသည် ရွန်းနီနှင့်အတူ ပွဲ ၂၀ ဖြင့် ထိပ်ဆုံး၌ရပ်တည်နေသော်လည်း ယခုအခါ ဟယ်ရီကိန်းက ရွန်းနီကို တစ်ပွဲအသာဖြင့်ကျော်ဖြတ်ပြီး အသင်းသမိုင်းတစ်လျှောက် မတူညီသည့်အသင်း ၂၁ သင်းကို ဂိုးသွင်းယူနိုင်သော ပထမဆုံးကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် အင်္ဂလန်အသင်းနှင့်အတူ မတူညီသည့် အသင်း ၃၅ သင်းနှင့်ကစားရာတွင် ၂၁ သင်းကို ဂိုးသွင်းယူနိုင်ခြင်းဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၃ ပွဲကစားရာ ၇၉ ဂိုး သွင်းယူထားသူဖြစ်ကြောင်း သိရသည်။

*Ref;B/R Football*



# ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီက ဒဏ်ရာကြောင့်နုတ်ထွက်ခဲ့သည့် ကွင်းလယ်ကစားသမား ဝက်စ်လေ၏နေရာ၌ အီဒါဆန်နှင့်အစားထိုး

ရီယိုဒီဂျနေရိုး ဇွန် ၈

ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီက လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဘရာဇီးအသင်းကစားသမားစာရင်းတွင် ဒဏ်ရာကြောင့်နုတ်ထွက်ခဲ့သည့် ကွင်းလယ်ကစားသမား ဝက်စ်လေ၏နေရာ၌ အီဒါဆန်နှင့်အစားထိုးခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဝက်စ်လေသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရိုးမားအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် နည်းပြအန်ဆယ်လော့တီ၏ ဘရာဇီးအသင်းကစားသမားစာရင်းတွင် ပါဝင်လာပြီး ပြီးခဲ့သည့်ခြေစမ်းပွဲဖြစ်သော ဘရာဇီးအသင်းက အီကွေဒေါအသင်းကို ၂ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲ၌ ပွဲချိန် ၁၇ မိနစ်တွင်ပင် ပြင်းထန်သော ပေါင်ဒဏ်ရာရရှိပြီးနောက် ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီက အသင်းတိုက်စစ်ပိုင်းတွင် နေမာဒဏ်ရာရရှိသော်လည်း အစားထိုးကစားသမားရွေးချယ်ခြင်းမရှိဘဲ နေမာကို ဆက်လက်ရွေးချယ်ကာ ယခုအခါ ဝက်စ်လေအနေဖြင့် ဒဏ်ရာပြင်းထန်နေပြီး ကမ္ဘာ့ဖလားပွဲစဉ်များကစားရန် မဖြစ်နိုင်သည့်အခြေအနေများကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ပြီး အီဒါဆန်နှင့်အစားထိုးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အီဒါဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အတ္တလန္တာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သော်လည်း အစောပိုင်းက ဘရာဇီးအသင်းကစားသမားစာရင်းတွင် ရွေးချယ်ခံရခြင်းမရှိဘဲ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ရက်ပိုင်းအကြာတွင်ပင် နည်းပြ အန်ဆယ်လော့တီ၏ ဘရာဇီးအသင်း၌ ပြန်လည်ရွေးချယ်ခံရခြင်းဖြစ်သည်။ အီဒါဆန်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ မန်ယူအသင်းနှင့်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် အရည်အချင်း၊ သတ်မှတ်ချက်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အငယ်တန်းစာရေး (၅) နေရာ
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(ခ) ယာဉ်မောင်း (၅) နေရာ
(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၂၈) နှစ်ထက်မကျော်လွန်စေရ။
**ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၃၁)နှစ်ထက်မကျော်စေရ။**

(ဃ) အငယ်တန်းစာရေးရာထူးနေရာအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။
(ကွန်ပျူတာကျွမ်းကျင်မှုအား လက်တွေ့စစ်ဆေးပါမည်။)

(င) ယာဉ်မောင်း(၅)ရာထူးနေရာအတွက် "ခ" အဆင့် ယာဉ်မောင်းလိုင်စင်ရှိသူဖြစ်ရမည်။
(ကျွမ်းကျင်မှုအား လက်တွေ့စစ်ဆေးပါမည်။)

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူများသည် ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်-၂၆၊ နေပြည်တော်သို့ လျှောက်လွှာများကို ၁၅-၆-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍ အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်-

(က) ကိုယ်ရေးမှတ်တမ်း(ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံပူးတွဲလျက်)

(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ(တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူအပါအဝင်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ခွင့်ပြုချက်မူရင်း / ယခင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာ(မူရင်း/မိတ္တူ)

(င) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်တမ်းတင်ကတ်ပြားမိတ္တူ

(စ) ဝန်ထမ်းမဟုတ်သူများအတွက်(၆)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း

၄။ အချက်အလက်ပြည့်စုံစွာမပါရှိသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ရောက်ရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ အရည်အချင်းစစ်စာမေးပွဲကို ၂၀-၆-၂၀၂၆(စနေနေ့)နံနက်(၀၉:၀၀)နာရီမှစတင်၍ ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၂၆)နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၉-၆-၂၀၂၆ ရက်နေ့(သောကြာနေ့)တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ရုံးချိန်အတွင်းထုတ်ပေးမည်ဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၇။ လျှောက်လွှာထုတ်ယူခြင်း၊ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၂၆)၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၉၈၊ ၀၆၇-၃၄၃၀၁၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၀၂/မမ/CE | **အင်ဂျင်နီယာမှူး(တံတား)၊ မလွှကုန်း**<br>လှည်းတန်း၊ ပါရမီ၊ ကျောက်ရေတွင်း၊ ဆူးလေ၊ ဆူးလေ(အသစ်)နှင့် ကျိုက္ကလဲ့ခုံးကျော်တံတားများ ဆေးသုတ်ခြင်းလုပ်ငန်း |
| ၂ | ၁၀၃/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း**<br>အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံသစ် အမှတ်(၁)လမ်းမှ (၈)လမ်းတွင် DEMU တွဲဆိုင်းများထားရှိရန် အမိုး SHED ပြုလုပ်ခြင်း |
| ၃ | ၁၀၄/မမ/CE | **တိုင်းအမှတ်(၃)၊ မန္တလေး**<br>တိုင်းအမှတ်(၃)၊ မန္တလေးနယ်မြေ၊ ယာဉ်ပျံ့ဘူတာ(၆)ခန်းတွဲ(၄)ထပ်တိုက်(၁)လုံးတည်ဆောက်ခြင်း၊ (17376 Sft) |
| ၄ | ၁၀၅/မမ/CE | တိုင်းအမှတ်(၃)၊ မန္တလေးနယ်မြေ၊ ပြင်ဦးလွင် ဘူတာနယ်မြေအတွင်း (၆)ခန်းတွဲ(၄)ထပ်တိုက်(၁)လုံး တည်ဆောက်ခြင်း၊ (17376 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(တိုက်အမှတ်-၁) |
| ၅ | ၁၀၆/မမ/CE | တိုင်းအမှတ်(၃)၊ မန္တလေးနယ်မြေ၊ ပြင်ဦးလွင်ဘူတာနယ်မြေအတွင်း (၆)ခန်းတွဲ(၄)ထပ်တိုက်(၁)လုံး တည်ဆောက်ခြင်း၊ (17376 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(တိုက်အမှတ်-၂) |
| ၆ | ၁၀၇/မမ/CE | **တိုင်းအမှတ်(၁၁)၊ ပုဂံ**<br>တိုင်းအမှတ်(၁၁)၊ ပုဂံနယ်မြေ၊ တောင်တွင်းကြီးဘူတာယာဒ်ဝင်းအတွင်း (၆)ခန်းတွဲ(၂)ထပ်တိုက်(၁)လုံး တည်ဆောက်ခြင်း၊ (8688 Sft)(တိုက်အမှတ်-၁) |
| ၇ | ၁၀၈/မမ/CE | တိုင်းအမှတ်(၁၁)၊ ပုဂံနယ်မြေ၊ တောင်တွင်းကြီးဘူတာယာဒ်ဝင်းအတွင်း (၆)ခန်းတွဲ (၂)ထပ်တိုက်(၁)လုံး တည်ဆောက်ခြင်း၊ (8688 Sft)(တိုက်အမှတ်-၂) |
| ၈ | ၁၀၉/မမ/CE | **တိုင်းအမှတ်(၃)၊ မန္တလေး**<br>မန္တလေးဘူတာ၌ ရထားသွားလာရေးထိန်းချုပ်မှု အဆောက်အဦအသစ်တည်ဆောက်ခြင်း(20.5 m x 6.5m) (R.C ၃ ထပ်) |
| ၉ | ၁၁၀/မမ/ CE | **တိုင်းအမှတ်(၇)၊ ရန်ကုန်**<br>ထောက်ပံ့ဌာန(ဗိုလ်တထောင်)အား ကားရထားစက်ရုံ(ပုဇွန်တောင်)သို့ပြောင်းရွှေ့ရာတွင် ဝန်ထမ်းများနေထိုင်ရန်အတွက် ဝန်ထမ်းနေအိမ်(၄)ခန်းတွဲ(၅)ထပ်(၁)လုံး (ရေ၊ မီးအပါ)(15755 Sft)တည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၃-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉-၆-၂၀၂၆)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၉၉/မမ/CE | FFU Synthetic Sleeper(၇)မျိုး (၁၈၈၁)တုံး ဝယ်ယူရန် |
| ၂ | ၁၀၀/မမ/CE | 18 mm O Spring Steel (150) Tons ဝယ်ယူရန် |
| ၃ | ၁၀၁/မမ/CE | Angle (75mm x 75 mm x 9 mm x 6m)(16,680)Meter ဝယ်ယူရန် |
| ၄ | 12(T)24/MR(ML/ISN) Kyat/26-27 | စက်ပစ္စည်း(၁၁၁)မျိုး ဝယ်ယူခြင်း |
| ၅ | 12(T)25/MR(ML/ISN) Kyat/26-27 | 2000 HP(SIFANG)အမျိုးအစား စက်ခေါင်း(၃)ခေါင်းအား Modification ပြုလုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁ မှ ၃)အထိ(၂၃-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၄ မှ ၅)အထိ(၇-၇-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉-၆-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**

ဇန်ဇျက်ပါရ်(ဘ)ရမ်လျန်ဆွတ် ၅/ကလတ(နိုင်)၂၀၈၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 443104)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မောင်မောင်မြင့်လွင့်(ဘ)ဦးယုဆောင်လိုင်း(ခ)တီတီ ၈/မထန(နိုင်)၀၇၉၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

ဟိန်းသူဝင်း(ဘ)ဦးမြင့်နိုင် ၇/ကဝန(နိုင်)၂၄၈၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နီနီမြင့်(ဘ)ဦးကျင်ချူး ၁၂/ဥကမ(နိုင်)၀၀၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

စုစန္ဒာဝင်း(ဘ)ဦးနိုင်ဝင်း ၇/ဝမန(နိုင်)၁၆၆၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

စိုင်းကျော်ခမ်းလောင်(ဘ)ဦးစိုင်းဘဆွေ ၁/မကန(နိုင်)၀၁၈၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 141805)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မျိုးခိုင်(ဘ)ဦးကျော်အေး ၁/မကတ(နိုင်)၁၃၉၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

နှင်းယုနိုင်(ဘ)ဦးဇော်ဇော်(ခ)ဇော်ကြီး ၈/မသန(နိုင်)၁၆၈၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 562591)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၁၂၅၂၆၇

**ပျောက်ဆုံးကြောင်း**

ရီရီချို(ဘ)ဦးခင်ထွန်း ၁၂/ဥကတ(နိုင်)၁၁၇၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၂၁၁၉၁

**ပျောက်ဆုံးကြောင်း**

အိအိဖြိုး(ဘ)ဦးသီဟဇော် ၁၀/ကထန(နိုင်)၁၈၀၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မျိုးထက်လင်း(ဘ)ဦးစိုးတင့် ၉/အမရ(နိုင်)၁၆၃၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၄၈၇၈၀၀

**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကျွဲခြံကျေးရွာ၊ အထက(ခွဲ)၊ Grade-7မှ အဘ ဦးမျိုးကျော်အောင် ၁၀/မဒန (နိုင်)၁၄၂၂၀၁ ၏သား မောင်စွမ်းရည်ဟိန်းအား အောင်စွမ်းပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ အောင်စွမ်းပြည့်

**ပျောက်ဆုံးကြောင်း**

ရဲထက်ထွန်း(ဘ)ဦးနေလင်းထွန်း ၆/ဘပန(နိုင်)၀၄၈၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၇၆၁၉၅၇၈

**ပျောက်ဆုံးကြောင်း**

ဇော်ရဲနောင်(ဘ)ဦးအောင်ငွေး ၇/မလန(နိုင်)၀၉၀၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၃၆၁၁၁၇

**ပျောက်ဆုံးကြောင်း**

ဇင်မီမီထွန်း(ဘ)ဦးထွန်းဝင်း ၆/မမန(နိုင်)၂၀၅၇၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၂၁၀၅၀၆

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ ရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

"GRAND CITIZEN GROUP COMPANY LIMITED" သည် အစုရှယ်ယာများ KYATS (10,000)တန်အစုရှယ်ယာ(5000)စုစုပေါင်း အစုရှယ်ယာတန်ဖိုး(50,000,000)မှ KYATS (10,000)တန်အစုရှယ်ယာ(500)စုစုပေါင်း အစုရှယ်ယာတန်ဖိုး KYATS (5,000,000)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

THURA AUNG
MANAGING DIRECTOR
GRAND CITIZEN GROUP COMPANY LIMITED

## KABAR LONE CHAN THAR COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

"KABAR LONE CHAN THAR COMPANY LIMITED" သည် နောက်ဆုံးအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ၆ လ၊ (၁၇)ရက်၊ နံနက်(၁၁:၀၀)နာရီအချိန်တွင် NO.3038, TAUNG GYI(1)STREET, YADANAR THEIDDHI WARD, OATTARA THIRI TOWNSHIP, NAYPYITAW တွင် ကျင်းပမည်ဖြစ်၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်အတူ စာရင်းရှင်းတမ်းများတင်ပြပါမည်။

ဒေါ်ဖြူဖြူငြိမ်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## "REDMOB MEDIA MYANMAR LIMITED"
## Notice Under Section 147 of the Myanmar Compaines Act
## (In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (22.5.2026)the resolution that company was winding-up voluntarily and U Zin Wai(Certified Public Accountant)was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (22.6.2026)or before that day.

| | |
|---|---|
| U Zin Wai | TOMAS IVANAUSKAS |
| {B.Com(AA), C.P.A(210)} | Managing Director |
| Liquidator | REDMOB MEDiA MYANMAR LIMITED |

Smart®
GENTLEMEN FASHION



Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin





FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com



ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။






အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)




အခြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်"ဖွင့်ပွဲအခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

**သံတမန်ဆက်ဆံရေး (၇၆) နှစ်ကြာကာလအတွင်း နှစ်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် အလွှာအသီးသီးတို့အကြား ဆက်ဆံရေးသည် စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသည်ကို နှစ်ထောင်းအားရဖွယ်တွေ့ရှိကြမည်ဖြစ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်"ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၈**

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆)နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်" ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဥတ္တရသီရိကုန်တိုက်၊ ဂျေစီနီပလက်စ်ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ◆**

### ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ် အစီအစဉ်ဖြင့် စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားများ အခမဲ့ပြသသွားမည်

**နေပြည်တော် ဇွန် ၈**

ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့်ပြည်သူများအကြား ထိတွေ့ဖလှယ်မှုမြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥတ္တရသီရိကုန်တိုက် ဂျေစီနီပလက်စ်ရုပ်ရှင်ရုံ၌ အခမ်းအနားဖြင့် ကျင်းပဖွင့်လှစ်ကာ ဇွန်လ ၉ ရက်**(ယနေ့)**မှ ၁၁ ရက်အထိ စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားများကို နေ့စဉ် ညနေ ၅ နာရီတွင် တစ်ရက်လျှင် နှစ်ကားနှုန်းဖြင့် အခမဲ့ပြသသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ဖြင့် ဇွန်လ ၉ ရက် **(ယနေ့)**တွင် နတ်ဘုရားတို့ရဲ့စစ်တလင်းဇာတ်ကားနှင့် အိပ်မက်စေရာဇာတ်ကား၊ ဇွန်လ ၁၀ ရက်တွင် သွေးချင်းသစ္စာဇာတ်ကားနှင့် လေဟုန်ခွင်းတဲ့ဘဝဇာတ်ကား၊ ဇွန်လ ၁၁ ရက်တွင် ချန်အန်းမြို့က တော်ဝင်လိုင်ချီးဇာတ်ကားနှင့် သူမရဲ့ဘဝဇာတ်လမ်းဇာတ်ကားများကို ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

### နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO၊ DPLA ၊ KNDF နှင့် PDF အမည်ခံအဖွဲ့ဝင် ၄၀ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်

**နေပြည်တော် ဇွန် ၈**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်နယ်မြေများအား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံ

**စာမျက်နှာ ၂၃ ကော်လံ ၁ ➢**




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများ လွှဲပြောင်းအပ်နှံစဉ်။

### ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်မှုကြောင့် လူ ၃၅ ဦးသေဆုံးပြီး အဆောက်အအုံများစွာပြိုကျ

စာ - ၂၆ သို့

### နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာ - ၂၄ သို့